# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအား ဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက် | ၂၀၂၂ ခုနှစ်၊ ဧပြီ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၈၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်မှ သင်တန်းနည်းပြများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ နည်းပြအရာရှိများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## နိုင်ငံတော်၏အကျိုး၊ တပ်မတော်၏အကျိုးကို စည်းလုံးညီညွတ်စွာဖြင့် စိန်ခေါ်မှုများနှင့် အခက်အခဲအမျိုးမျိုးတို့အား အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားသွားကြရမည်

**နေပြည်တော် ဧပြီ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဗထူးတပ်နယ်မှ သင်တန်းနည်းပြများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) အောင်ဆန်းခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖



**ယနေ့ ဖတ်စရာ**

**၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်း** — ဥပဒေပြဋ္ဌာန်း | စာ - ၈

**၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပြဋ္ဌာန်း** — ဥပဒေပြဋ္ဌာန်း | စာ - ၁၀

**၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေပြဋ္ဌာန်း** — ဥပဒေပြဋ္ဌာန်း | စာ - ၁၂

**အာဖဂန်နစ္စတန်၌ ဆင်းရဲချို့တဲ့သောမိသားစုဝင် ၇၀၀၀ ကျော် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီလက်ခံရရှိ** — နိုင်ငံတကာသတင်း | စာ - ၁၄

မြန်မာ့အလင်း

# ကိုယ်နှင့်ကိုက်သည့် အင်္ကျီ

ယဉ်ကျေးမှုဟူသော ဝေါဟာရမှာ အနက်အဓိပ္ပာယ်များပြားကျယ်ဝန်းလှသည်။ မြန်မာအဘိဓာန် ဖွင့်ဆိုချက်တွင် သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားလာသော လူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်းဟူ၍ ပြထားသည်။ အဘိဓာန်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ ယဉ်ကျေးမှုဟူသည် လူအချို့ ယူဆလေ့ရှိကြသလို ခေတ်နောက်ကျန် အဟောင်းအမြင်းများ၊ အတိတ်မှာကျန်နေခဲ့သော အရာများမဟုတ်ဘဲ ခေတ်နှင့်အညီ လိုက်ပါတိုးတက်ပြောင်းလဲနေသည့် တန်ဖိုးထားအပ်သော အရာဟူ၍ ဆိုရမည်ဖြစ်သည်။

အင်္ဂလိပ်ဘာသာတွင် Civilization ဟူသော ဝေါဟာရနှင့် Culture ဟူသော ဝေါဟာရတို့ကို မြန်မာဘာသာပြန်ဆိုရာတွင် ယဉ်ကျေးမှုဟူ၍သာ နှစ်ခုစလုံးကို ဘာသာပြန်ဆိုနေကြသော်လည်း Civilization သည် သမိုင်းနှင့်ချီ၍ ထွန်းကားခဲ့သော လူ့အဖွဲ့အစည်းကြီးများနှင့်ဆိုင်သည့် ယဉ်ကျေးမှုကြီးဖြစ်ပြီး Culture ကမူ ဒေသတစ်ခု၊ လူမျိုးတစ်မျိုး၊ ရပ်ရွာတစ်ရွာ၏ လူနေမှုဘဝပုံစံများ၊ ဓလေ့ထုံးတမ်းများ၊ ယုံကြည်မှုများ ပါဝင်သည်။ သို့ဖြစ်ရာ Civilization သည် ယဉ်ကျေးမှုအကြီးဖြစ်ပြီး Culture ကမူ ယဉ်ကျေးမှုအကြီးထဲတွင် ပူးပေါင်းပါဝင်နေသည့် ယဉ်ကျေးမှုအငယ်ဟု ဆိုသင့်သည်။ မြန်မာနိုင်ငံသည် အဆိုပါယဉ်ကျေးမှုအကြီး အငယ်တို့ အခိုင်အမာ တည်ရှိသော၊ ကြွယ်ပိုးကြွယ်ဝလည်းရှိသော လူ့အဖွဲ့အစည်းနှင့် နိုင်ငံပင်ဖြစ်သည်။ ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး၏ ဝိသေသလက္ခဏာပင်ဖြစ်ရာ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို ခေတ်ကာလအလိုက် တိုးတက်ပြောင်းလဲစေရာတွင် မိမိတို့၏ ဝိသေသလက္ခဏာကို မပျောက်ပျက်စေဘဲ တိုးတက်မြင့်မားစေရမည်သာဖြစ်သည်။

မျက်မှောက်ကာလတွင် သတင်းအချက်အလက်နည်းပညာများ တရစပ် တိုးတက်ပြောင်းလဲခြင်းနှင့်အတူ နိုင်ငံတကာမှ ယဉ်ကျေးမှုမှာ အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် အပြန်အလှန် ကူးလူးယှက်သန်းလျက်ရှိကြသည်။ ယင်း၏ အကျိုးဆက်များမှာ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ အခွင့်အလမ်းနှင့် အန္တရာယ်တို့ပါ ရောနှောပါဝင်နေကြပြီး နည်းပညာသစ်များနှင့် အကျွမ်းတဝင်ရှိသူ၊ အသစ်အဆန်းတို့ကို စိတ်ဝင်တစားရှာဖွေလက်ခံတတ်သူများဖြစ်ကြသည့် လူငယ်များအပေါ်တွင် အများဆုံးသက်ရောက်လျက်ရှိသည်။ ပုံမှန်အားဖြင့် အရှက်ကြီးတတ်သည့် အရှေ့တိုင်းရင်းသားတို့မှာ ဆိုက်ဘာနယ်ပယ်တွင် လွတ်လပ်ပွင့်လင်းလာသည်။ လူမှုနယ်ပယ်အစစ်အမှန်တွင် ထုတ်ဖော်ပြောဆိုရန်ခက်သည့် လိင်မှုကိစ္စတို့ကို ဆိုက်ဘာနယ်ပယ်တွင် မိန်းကလေးရော ယောကျ်ားလေးပါ ထမင်းစားရေသောက် ပြောဆိုနိုင်လာကြရာမှတစ်ဆင့် ယဉ်ပါးလာကြသည်။ ရန်ကုန်တွင် ပုံမှန်မဟုတ်သော လိင်အသားပေးဝတ္ထုစာအုပ်ကို တန်းစီဝယ်ယူခဲ့ကြခြင်းက ယင်း၏သာဓကတစ်ခုဟုပင် ဆိုနိုင်သည်။ စင်စစ် ယင်းကဲ့သို့သောစာအုပ်များ ရှေ့တွင်လူအများစု မသိဘဲထုတ်ဝေခဲ့ပြီး အွန်လိုင်းမှတစ်ဆင့် ရောင်းချခဲ့ကြောင်း လူမှုကွန်ရက်တွင် ဖော်ပြမှုများရှိနေရာ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ကို မထိခိုက်စေသော နည်းလမ်းများဖြင့် ထိန်းချုပ်မှုများ ပြုလုပ်သွားရမည်ဖြစ်သည်။

သမိုင်းတစ်လျှောက် မြန်မာ့ယဉ်ကျေးမှု မြင့်မားတိုးတက်ခဲ့ရာတွင် ကိုယ့်ရေကိုယ့်မြေပေါ်တွင် ဖြစ်တည်လာခဲ့သော ကိုယ်ပိုင်ယဉ်ကျေးမှုများအပြင် ရေခြားမြေခြားမှ ယဉ်ကျေးမှုများကိုလည်း ကောင်းနိုးရာရာ ရယူ၍ မိမိယဉ်ကျေးမှုနှင့် ကိုက်ညီအောင် မြန်မာမှု ပြုခဲ့ကြခြင်းဖြစ်သည်။ အသစ်အဆန်းကို လက်ခံကြရာတွင် ကောင်းရာမှန်ရာကိုသာ လက်ခံကြရမည်ဖြစ်ပြီး အကျိုးယုတ်စေမည့်၊ အန္တရာယ်ဖြစ်စေမည့် အသစ်အဆန်းမျိုးကိုမူ ဝေးစွာရှောင်ကြဉ်စွန့်ပယ်ကြရန်သာ။ အင်္ကျီတစ်ထည်ဝယ်ဝတ်သကဲ့သို့ ပင် မည်သည့်နိုင်ငံမှ ချုပ်သည်ဖြစ်စေ ကိုယ်နှင့်ကိုက်မှ ဝတ်ထိုက်သည်ဟူ၍ အမျိုးကောင်း သမီး သား လူငယ်အပေါင်းတို့အား ညွှန်းဆိုအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (ပညာရေး) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်ဆွေထွန်း ကို လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ထွန်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန်(ဒုတိယညွှန်ကြားရေးမှူးချုပ်) ဒေါက်တာသီတာစန်းကို ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဆီထွက်သီးနှံဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာ

### သတင်းထုတ်ပြန်ကြေညာချက် ( ၁ / ၂၀၂၂)
### ၁၃၈၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်
### (၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်)
### ဆီထွက်သီးနှံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဆီထွက်သီးနှံမျိုးစေ့ထုတ်လုပ်ခြင်း၊ အကျိုးတူ ကန်ထရိုက်လယ်ယာ (Contract Farming) စနစ်ဖြင့် စိုက်ပျိုးခြင်း၊ စားသုံးဆီအမျိုးမျိုး ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ အဆိုပါလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များ အနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် အကူအညီလိုအပ်ပါက အောက်ပါအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

(က) ရုံးအမှတ် (၁)၊ ဇေယျာဌာနီလမ်း၊ နေပြည်တော်

(ခ) အမြဲတမ်းအတွင်းဝန် ၊ ဖုန်း - ၀၆၇-၃၄၀၇၁၄၇
e-mail : ps@mifer.gov.mm, wahmaungapril@gmail.com

(ဂ) ဒုတိယအမြဲတမ်းအတွင်းဝန် ၊ ဖုန်း - ၀၆၇-၃၄၀၇၇၆၈၊
e-mail : dps@mifer.gov.mm , sandaygn gmail.com

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

## ဆီထွက်သီးနှံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ခြင်း

### (၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ဆီထွက်သီးနှံမျိုးစေ့ထုတ်လုပ်ခြင်း၊ အကျိုးတူကန်ထရိုက်လယ်ယာ (Contract Farming) စနစ်ဖြင့် စိုက်ပျိုးခြင်း၊ စားသုံးဆီအမျိုးမျိုး ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းများကို ဦးစားပေး ဖိတ်ခေါ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ဆီထွက်သီးနှံနှင့်ပတ်သက်၍ အထက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍတွင် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပြုလွှာ တင်ပြလာပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကလည်း လိုအပ်သည်များကို မြန်ဆန်သွက်လက်စွာ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**လိပ်စာ**

အမှတ် ၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဖုန်းနံပါတ်**

+၉၅-၉-၂၀၂၃၈၂၁၊ +၉၅-၁-၆၅၈၁၃၂

**အီးမေးလ်**

dica@mptmail.net.mm, investmentpromotion@dica.gov.mm

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

## ဧရာဝတီမြစ်ရေတက်နိုင်

**နေပြည်တော် ဧပြီ ၅**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ဧပြီ ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့ တွင် ၆၂၀ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ ဧပြီ ၂ ရက်မှ ၃ ရက်အတွင်း ရှစ်ပေခွဲခန့် မြင့်တက်ခဲ့ပြီး ဧပြီ ၄ ရက်တွင် လေးပေခန့် ပြန်လည်ကျဆင်းခဲ့သည်။ အဆိုပါမြစ်ရေသည် ဧပြီ ၅ ရက်တွင် ကိုးပေခန့် ပြန်လည် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါမြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ရှစ်ပေမှ ကိုးပေခန့်၊ နောက်ခုနစ်ရက်အတွင်း သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်၊ နောက် ၁၀ ရက်အတွင်း ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်၊ နောက် ၁၃ ရက်အတွင်း ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ခြောက်ပေမှ ခုနစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

❖ *ရှေ့ဖုံးမှ*

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က အမှာစကားပြောကြားရာ၌ သင်ကြားလေ့ကျင့်ပေးနေသည့် နည်းပြအရာရှိများအနေဖြင့် လေ့ကျင့်သင်ကြားပေးသော စစ်ဘက်ဆိုင်ရာ အသိပညာ၊ အတတ်ပညာများကိုလည်း ကိုယ်တိုင်ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ရန်လိုကြောင်း၊ လုပ်ငန်းတာဝန်နှင့် ဖွဲ့စည်းပုံအရ လက်မောင်းအမှတ်တံဆိပ်များ ကွာခြားမှုရှိသော်လည်း သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆို၍ တူညီသောဦးတည်ချက်များဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြရသူများဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် ပေးအပ်သည့် အမိန့်နှင့် တာဝန်ကို အကောင်အထည်ဖော်ရာ၌ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့စည်းရုံးရေးနယ်မြေအလိုက် အေးချမ်းစွာ နေထိုင်လိုကြသည့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကိုလည်း ကာကွယ်စောင့်ရှောက်ပေးကြရန်လိုကြောင်း၊ ၎င်းအပြင် မိသားစုဝင်များ၏ စားဝတ်နေရေးနှင့် သွားလာရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့ကိုလည်း တာဝန်ရှိသူများက မိသားစုစိတ်ဖြင့် စောင့်ရှောက်ပေးရန်လိုကြောင်း။

**ပန်းခင်းစီမံချက်ဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်၏ ကာကွယ်ရေးမဟာဗျူဟာသည် တပ်မတော်ကို မဏ္ဍိုင်ပြု၍ ပြည်သူတစ်ရပ်လုံးပါဝင်သည့် ပြည်သူ့စစ်မဟာဗျူဟာဖြစ်သဖြင့် ပြည်သူနှင့် တစ်သားတည်းဖြစ်အောင် နေထိုင်ပြုမူကျင့်ကြံသွားရန် လိုကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း အရေးပေါ်ကာလအတွင်း အမျိုးမျိုးသော စိန်ခေါ်မှု၊ ခြိမ်းခြောက်မှု၊ နှောင့်ယှက်မှုများကို အေးချမ်းစွာ နေထိုင်လိုသော ပြည်သူများ၊ သစ္စာရှိဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စုပေါင်းညီညာသော စုစည်းညီညွတ်သည့်အင်အားဖြင့် ဖြတ်ကျော်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးကို ဖော်ဆောင်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်များ ဖော်ဆောင်မှုတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် အဓိကဆန္ဒမဲ ပေးခွင့်ရှိသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ရှိစေရေး ပန်းခင်းစီမံချက် ဆောင်ရွက်လျက်ရှိရာတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပြင် အရေးကြီးလိုအပ်ချက်များကိုလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးရန် လိုကြောင်း။

အလားတူ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နည်းမျိုးစုံ ဖျက်လိုဖျက်ဆီးလုပ်လိုသည့် အကြမ်းဖက် သမားများ၏ အန္တရာယ်များကိုလည်း လုံခြုံရေးအသိဖြင့် စောင့်ကြည့်ဖော်ထုတ်ရှင်းလင်းနေရန် လိုကြောင်း၊ ၎င်းအပြင် နိုင်ငံတော်အတွက် အနာဂတ်မျိုးဆက်သစ်၊ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွက်လာစေရေးအတွက်လည်း ကျောင်းနေအရွယ်ကလေးတိုင်း အနည်းဆုံး KG+9 အထိ မသင်မနေရ တန်းစဉ်အလိုက် ကူးပြောင်းနိုင်ရေး ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း၊ KG+9 အောင်မြင်မှသာ Vocational Training မှတစ်ဆင့် သက်ဆိုင်ရာ လုပ်ငန်းခွင်များသို့ ကူးပြောင်းလုပ်ငန်းတာဝန်ထမ်းဆောင်နိုင်ခွင့် ရရှိမှာဖြစ်၍ မိမိတို့မိသားစုများ၏ မှီခိုကလေးများကိုလည်း နိုင်ငံတော်၏ မူဝါဒနှင့်အညီ မဖြစ်မနေ ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာတပ်များမှ တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ် ကြည့်ရှုစောင့်ရှောက်၍ အနိမ့်ဆုံးအဆင့်ထိ တန်းစဉ်ကူးပြောင်း မပျက်မကွက် ရောက်ရှိစေရေး ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

တစ်ဖက်ကလည်း နိုင်ငံတော်၏အနာဂတ် လူ့စွမ်းအားအရင်းအမြစ်(HR) ဖြစ်လာမည့်၊ အနာဂတ်၏ခေါင်းဆောင်များ၊ လူငယ်လူရွယ်များ၏ တန်းစဉ် ကူးပြောင်းနိုင်ရေး စာမေးပွဲဖြေဆိုမှုအပေါ် ယုတ်မာသောလုပ်ရပ်အဖြစ် အကြမ်းဖက်သမားများက ကျောင်းပတ်ဝန်းကျင်အတွင်း/အပြင်တို့၌ လုံခြုံရေးတပ်ဖွဲ့များ၏ အလစ်အငိုက်တွင် လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခြင်း၊ ချိန်ကိုက်မိုင်း၊ အဝေးထိန်းကြီးကြပ်မိုင်းများဖြင့်ဖောက်ခွဲ၍ စာမေးပွဲအခန်းသို့ ကြောက်ရွံ့ပြီး မလာရဲအောင် ခြိမ်းခြောက်အကြမ်းဖက်မှုများကိုလည်း တွေ့နေရကြောင်း၊ အလားတူ ဗုဒ္ဓဘာသာဝင် အများစုနေထိုင်ကြသည့် မိမိတို့နိုင်ငံအတွင်း သာသနာ့တာဝန်ထမ်းဆောင်နေကြသည့် သံဃာတော်များကိုလည်း အကြောင်းမဲ့ ရက်ရက်စက်စက် သတ်ဖြတ်ခြင်းများအထိ ဆိုးရွားရက်စက် ယုတ်မာသည့် အကြမ်းဖက်လုပ်ရပ်များသည် မည်သည့်ရည်ရွယ်ချက်ဖြင့် လုပ်နေသည်ကို နားလည်၍မရပါကြောင်း၊ မိမိဆန္ဒနှင့် မကိုက်ညီ၍ မကျေနပ်ပါက အဆိုပါအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်ကို တိုက်ရိုက်ရည်ရွယ် တိုက်ခိုက်အကြမ်းဖက်ခြင်းသည် အဓိပ္ပာယ်ရှိကောင်း ရှိမည်ဖြစ်သော်လည်း တရားမဲ့လက်နက်မဲ့ မသက်ဆိုင်သူများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို တိုက်ခိုက်ခြင်းသည် လူသားမဆန်သော ပြစ်မှုကျူးလွန်မှုပင်ဖြစ်ပါကြောင်း၊ အဆိုပါ တရားမဲ့ အကြမ်းဖက်မှုများကို လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများအား နိုင်ငံတော်အစိုးရ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း၍ ဆက်လက်ဖယ်ရှားရှင်းလင်းသွားမည်ဖြစ်ပြီး ပြည်သူများလိုလားသည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဖြေရှင်း**

မိမိတို့တပ်မတော်သားများနှင့် မိသားစုဝင်များသည် မည်သည့်အချိန်ကာလတွင်မဆို အရေးကြီးသော နိုင်ငံတော်၏ လုပ်ငန်းတာဝန်များကို တစ်စိတ်တစ်ပိုင်း ပါဝင်ထမ်းဆောင်နေကြရသူများဖြစ်၍ အဆိုပါတာဝန်များကို သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် ကျန်းမာကြံ့ခိုင်စေရန် တစ်ဦးချင်း မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်မှသာ ပေးအပ်သည့် တာဝန်များအပေါ် ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အကျိုး၊ တပ်မတော်၏ အကျိုးကို စည်းလုံးညီညွတ်စွာဖြင့် စိန်ခေါ်မှုများနှင့် အခက်အခဲအမျိုးမျိုးတို့အား အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားသွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်နယ်မှ နည်းပြအရာရှိများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။ ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ၏ဇနီး ဒေါ်သန်းသန်းနွယ်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ ကျောင်းအုပ်ကြီး၏ဇနီးကလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေးက ဒေသထွက်စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးကလည်းကောင်း လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နည်းပြအရာရှိများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**❖ သင်ကြားလေ့ကျင့်ပေးနေသည့် နည်းပြအရာရှိများအနေဖြင့် လေ့ကျင့်သင်ကြားပေးသော စစ်ဘက်ဆိုင်ရာအသိပညာ၊ အတတ်ပညာများကိုလည်း ကိုယ်တိုင်ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ရန်လို၊ လုပ်ငန်းတာဝန်နှင့် ဖွဲ့စည်းပုံအရ လက်မောင်းအမှတ်တံဆိပ်များ ကွာခြားမှုရှိသော်လည်း သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆို၍ တူညီသောဦးတည်ချက်များဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြရသူများဖြစ်၊ တာဝန်ထမ်းဆောင်ရာတွင် ပေးအပ်သည့်အမိန့်နှင့်တာဝန်ကို အကောင်အထည်ဖော်ရာ၌ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်၊ မိမိတို့စည်းရုံးရေးနယ်မြေအလိုက် အေးချမ်းစွာ နေထိုင်လိုကြသည့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကိုလည်း ကာကွယ်စောင့်ရှောက်ပေးကြရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သင်တန်းသားများအား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ သင်ခန်းစာများအား Video Conferencing ဖြင့် သင်ခန်းစာ ပို့ချသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)သို့ သွားရောက်စစ်ဆေး၊ သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြား

# နိုင်ငံတော်နှင့် တပ်မတော်၏ သစ္စာကိုစောင့်သိရန်နှင့် အသက်ခန္ဓာကို စွန့်လွှတ်ရန် သစ္စာဆိုထားသူများဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဦးလည်မသုန် ထမ်းရွက်နေမှုအပေါ် ဂုဏ်ယူနေရန်လို

**နေပြည်တော် မေ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ရှိ သုံးထပ်စာသင်ဆောင်၌ ခြေလျင်တပ်ရင်းမှူး၊ ခြေလျင်တပ်ခွဲမှူး၊ ခြေလျင်တပ်စုမှူးသင်တန်းသားများအား မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ သင်ခန်းစာများအား Video Conferencing ဖြင့် သင်ခန်းစာ ပို့ချသင်ကြားနေမှုအပါအဝင် အခြားသင်ခန်းစာများ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးနေမှုများ၊ သင်တန်းခန်းမဆောင်များ၊ ကျောင်းစာကြည့်တိုက်နှင့် ကျောင်းသမိုင်းပြခန်း စသည်တို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

### ပေါင်းစပ်ညှိနှိုင်းပေး

ထို့နောက် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ရှိ သုံးထပ်စာသင်ဆောင်၊ ရှင်းလင်းဆောင်၌ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) တို့မှ ကျောင်းအုပ်ကြီးများက သင်တန်းကျောင်း လေ့ကျင့်သင်ကြားပို့ချမှုဆိုင်ရာ ကိစ္စရပ်များနှင့် တပ်တည်ဆောက်ရေး လုပ်ငန်းကြီး (၄) ရပ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများအား တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က သိရှိလိုသည်များ မေးမြန်း၍ လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျောင်းအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် ခြေလျင်တပ်ရင်းမှူး၊ တပ်ခွဲမှူး၊ တပ်စုမှူး သင်တန်းသား အရာရှိများအား *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)မှ ကျောင်းသမိုင်းပြခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

**❍ တပ်မတော်အနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်ကာလပြဋ္ဌာန်းချက်တို့နှင့်အညီ ပြည်သူက ရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီစနစ်အား တိမ်းစောင်းမှုမရှိစေရေး နိုင်ငံတော်၏ တာဝန်ကို ခေတ္တထိန်းသိမ်းဆောင်ရွက်လျက်ရှိ**

**❍ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်နေရသဖြင့် ခက်ခဲပင်ပန်းမှုများရှိနိုင်၍ နိုင်ငံတော်နှင့် ပြည်သူ၏ မျက်နှာကိုကြည့်ကာ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဆက်လက်ကြိုးစားလုပ်ကိုင်ကြရန်လို**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခြေလျင်တပ်ရင်းမှူး၊ တပ်ခွဲမှူး၊ တပ်စုမှူး သင်တန်းသား အရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၄ မှ*

တပ်မတော်(ကြည်း) တိုက်ခိုက်ရေး ကျောင်း(ဗထူး) အောင်ဆန်းခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် သစ္စာ (၄) ချက်ကို နေ့စဉ်သစ္စာပြု၍ ၂၄ နာရီ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားဖြစ်သည်ကို မမေ့မလျော့ သတိပြုရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ သစ္စာကို စောင့်သိရန်နှင့် အသက်ခန္ဓာကို စွန့်လွှတ်ရန် သစ္စာဆိုထားသူများဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဦးလည်မသုန် ထမ်းရွက်နေမှုအပေါ် ဂုဏ်ယူနေရန်လိုကြောင်း၊ တပ်မတော်သို့ စတင်ဝင်ရောက်ပြီး နိုင်ငံတော်အလံအား လက်နှင့်ထိ၍ ကတိသစ္စာပြုခဲ့ချိန်မှစတင်ကာ ၂၄ နာရီ အချိန်ပြည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန် တာဝန်ရှိခဲ့ကြပြီး မိမိနှင့် မိမိတို့၏ မိသားစုဝင်များ၏ စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ သွားလာရေးမှစ၍ ခံစားနေရမှုသည် နိုင်ငံတော်နှင့် တပ်မတော်မှ ထောက်ပံ့မှုများဖြစ်ကြောင်း၊ ထိုထောက်ပံ့ငွေများသည်လည်း မိမိတို့အပါအဝင် ပြည်သူများက သတ်မှတ်ထည့်ဝင်ကြရသည့် အခွန်များမှ နိုင်ငံ့ဝန်ထမ်းများအတွက် ပြန်လည်ချီးမြှင့်ထောက်ပံ့ခြင်းဖြစ်၍ နိုင်ငံတော်နှင့်ပြည်သူအပေါ် ကျေးဇူးသစ္စာ စောင့်သိရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်ကာလပြဋ္ဌာန်းချက်တို့နှင့်အညီ ပြည်သူက ရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီစနစ်အား တိမ်းစောင်းမှုမရှိစေရေး နိုင်ငံတော်၏ တာဝန်ကို ခေတ္တထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော် တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်နေရသဖြင့် ခက်ခဲပင်ပန်းမှုများ ရှိနိုင်၍ နိုင်ငံတော်နှင့် ပြည်သူ၏မျက်နှာကိုကြည့်ကာ မဆုတ်မနစ်သောဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဆက်လက်ကြိုးစားလုပ်ကိုင်ကြရန်လိုကြောင်း၊ ထိုသို့နိုင်ငံ့အရေးများကို ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ရာတွင် သင်ကြားလေ့ကျင့်ပေးသည့် သင်ခန်းစာများကို Professional ကျကျ လက်တွေ့အသုံးချနိုင်သည်အထိ လေ့လာသင်ယူရန်လိုကြောင်း၊ သို့မှသာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံစွာကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော် လုံခြုံရေးကဏ္ဍသည် ကျယ်ပြန့်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မျိုးချစ်စိတ်ဓာတ်မှစ၍ အချုပ်အခြာအာဏာအထိ သက်ဆိုင်၍ ပေါ့ပေါ့ဆဆမလုပ်ရန်လိုကြောင်း၊ ထိုသို့ ကြီးလေးသော လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန် တပ်မတော်သားများအနေဖြင့် ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ စစ်သည်တိုင်း ကျန်းမာကြံ့ခိုင်ရေးအတွက် အပတ်စဉ် ကျန်းမာရေးအသိပညာပေးမှုများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ဖက်တွင်လည်း တာဝန်ကိုယ်စီထမ်းဆောင်နေကြရသည့် တပ်မတော်သားများ စိတ်အေးချမ်းသာစွာ တာဝန်ထမ်းဆောင်နိုင်ရန် တပ်မတော်သား မိသားစုဝင်များ၏ အုပ်ချုပ်မှု၊ သက်သာချောင်ချိမှုဆိုင်ရာ ကိစ္စရပ်များကိုလည်း အတတ်နိုင်ဆုံး ပြည့်စုံလုံလောက်စေရန် ကိုယ်ဖိရင်ဖိ ကြပ်မတ်ဖြည့်ဆည်းပေးနေရန်လိုကြောင်း၊ အထက်အောက် အပြန်အလှန် မေတ္တာစိတ်၊ သံယောဇဉ်တရားတို့ဖြင့် နားလည်ယုံကြည်မှုရှိအောင် စေတနာထား ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့ဖြစ်၍ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်ပါက သင်ကြားပို့ချလိုက်သည့် စစ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ပြီး အုပ်ချုပ်မှုကောင်းမွန်သော ခေါင်းဆောင်များအဖြစ် ပေးအပ်သော မည်သည့်တာဝန်မျိုးကိုမဆို ကျေပွန်စွာ ထမ်းဆောင်ကြရန် ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သင်တန်းသားများနှင့် နည်းပြအရာရှိများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

- ❑ **နိုင်ငံ့အရေးများကို ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ရာတွင် သင်ကြားလေ့ကျင့်ပေးသည့် သင်ခန်းစာများကို Professional ကျကျ လက်တွေ့အသုံးချနိုင်သည်အထိ လေ့လာသင်ယူရန်လို**
- ❑ **နိုင်ငံတော် လုံခြုံရေးကဏ္ဍသည် ကျယ်ပြန့်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မျိုးချစ်စိတ်ဓာတ်မှစ၍ အချုပ်အခြာအာဏာအထိ သက်ဆိုင်၍ ပေါ့ပေါ့ဆဆမလုပ်ရန်လို**

**စားသောက်ဖွယ်ရာများပေးအပ်**

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သင်တန်းသားများနှင့် နည်းပြအရာရှိများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။ အလားတူ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး က သင်တန်းသားများအတွက် အားကစားပစ္စည်းများကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား ဒုတိယကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ခြေလျင်တပ်ရင်းမှူး သင်တန်းသား စားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နေပြည်တော်၌ ကျင်းပမည်

နေပြည်တော် မေ ၅

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူး၍ ၂၀၂၂ ခုနှစ် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မေ ၂၂ ရက်မှ ၂၈ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များနှင့် လိုင်စင်ရယူ၍ ကျောက်မျက်အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက် ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စရပ်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်) တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ကိုကိုဇော် (ကလေးဝ)**



# ဒုတိယဝန်ကြီး ဦးရဲတင့် ဝိုင်းမော်မြို့နှင့် မန္တလေးမြို့တို့တွင် ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မန္တလေး ဧပြီ ၅

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဝင်းရဲထွန်းနှင့်အတူ ဝိုင်းမော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ မြစ်ကြီးနားမြို့ ကိုယ်ပွားသတင်းစာတိုက်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးအရာရှိများနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စစ်ကိုင်းဇုန်နယ် ထပ်ဆင့်လွှင့်စက်ရုံများ ဇုန်နယ်တာဝန်ခံ၊ မန္တလေးသတင်းဌာနခွဲမှ တာဝန်ခံနှင့် ဝန်ထမ်းများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) တာဝန်ခံတို့နှင့် တွေ့ဆုံသည်။

ဧပြီ ၅ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ အထက်မြန်မာပြည် ပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ကျောင်းသုံးပုံနှိပ်စာအုပ်များ ရိုက်နှိပ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ စက်ရုံတာဝန်ခံနှင့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ ပုံနှိပ်အရည်အသွေး ကောင်းမွန်ရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့် ပြည်သူ့စာကြည့်တိုက်၊ စာပေဗိမာန်စာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ဆောင်မှုလုပ်ငန်းများကို စိတ်ကောင်းစေတနာကောင်းဖြင့် ပြည်သူလူထု အကျိုးရှိအောင်၊ ကျေနပ်မှုရှိအောင် ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ကျောင်းသားကျောင်းသူများနှင့် လူငယ်များကို ဉာဏ်ပညာနှင့် ဗဟုသုတကြွယ်ဝပြီး နိုင်ငံအတွက် အားကိုးရမည့် ဗလငါးတန်နှင့် ပြည့်ဝသော လူငယ်များဖြစ်အောင် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍အသိပညာပေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ကြရန်၊ အတွေးအခေါ် အယူအဆ မှန်ကန်ရန်နှင့် ပေးအပ်သော တာဝန်ကို ကျေပွန်အောင်ကြိုးစားဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားရန်၊ မကြာမီ ကျရောက်မည့် သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် ရုံးဌာန၊ စက်ရုံ၊ အလုပ်ရုံများ လုံခြုံရေးနှင့် သတင်းထုတ်ပြန်ရေးကိစ္စများကို လိုအပ်ချက်၊ အားနည်းချက်မရှိအောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး အရာထမ်း၊ အမှုထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ၏ ( ၂ / ၂၀၂၂ ) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၅**

“ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ”၏ (၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

**ဆွေးနွေးညှိနှိုင်း**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေသည် ရေရှည်ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော အမျိုးသားပင်စင်စနစ် ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေစနစ် အကောင်အထည်ဖော်ရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စများ၊ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားသင့်သည့် ကိစ္စများ၊ ဥပဒေကြမ်းရေးဆွဲရေး၊ ရန်ပုံငွေစနစ် ကျင့်သုံးမည့် ပုံစံတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲညွှန့်က ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းရေးဆွဲပြီးစီးမှုကို ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက လိုအပ်သည်များ အကြံပြုဆွေးနွေး တင်ပြခဲ့ကြသည်။ ယင်းနောက် အကြံပြုဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌက သုံးသပ်ဆွေးနွေး၍ နိဂုံးချုပ်အမှာ စကားပြောကြားသည်။

ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ် မတ် ၂၄ အမိန့်ကြော်ငြာစာအမှတ်၊ ၇၁/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ သက်ဆိုင်ရာဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များလည်း ပါဝင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်ခံစားခွင့်များနှင့် စပ်လျဉ်း၍ ရေရှည်တည်တံ့ခိုင်မြဲပြီး အားကိုးအားထားပြုနိုင်သည့် ပင်စင်ရန်ပုံငွေစနစ်တစ်ရပ်ကို ထူထောင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဧပြီ ၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၉၉ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၉၁ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၅၅ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၀ ဒသမ ၄၄ လက်မနှင့် ဗန်းမော်မြို့တွင် ၀ ဒသမ ၂၈ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၅**

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရှီပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီ ၁၃ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၄ ရက်နေ့ တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာ အချပ်ပိုကို ဧပြီ ၁၀ ရက်နေ့နှင့် ၁၇ ရက်နေ့ တို့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည် ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## ဇီးကုန်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေး ကွင်းဆင်းဆောင်ရွက်

**ဇီးကုန်း ဧပြီ ၅**

ဇီးကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံပြီးစီးရေးအတွက် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူများကို ကာကွယ်ဆေးထိုးအဖွဲ့များခွဲ၍ ကျေးလက်ကျန်းမာရေးဌာန နယ်မြေအလိုက် ကျန်းမာရေးဌာနခွဲများမှ ရပ်ကွက်/ကျေးရွာများအထိ ကွင်းဆင်းထိုးနှံပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက နွားတဲကုန်းကျေးရွာအုပ်စုတွင် ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ်တွင် ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စုမှ အသက် ၁၈ နှစ်နှင့် အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူ ၅၁၆၁၈ ဦးကို ဦးတည်အုပ်စု ၂၄ အုပ်စု သတ်မှတ်၍ ကာကွယ်ဆေးများ မတ် ၈ ရက်မှစတင်၍ ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်းထိုးနှံပေးရာ ယနေ့တွင် နွားတဲကုန်းကျေးရွာအုပ်စု မြောက်လွှတ်ကုန်းကျေးရွာ၌ ပြည်သူ ၈၈ ဦး၊ ပန်းတင်ကျေးရွာ၌ ပြည်သူ ၄၄ ဦးတို့ကို ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းထိုးနှံပေးကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မိုးကောင်းရတနာ မိခင်နှင့် ကလေး လူမှုဖူလုံရေးဆေးခန်း (ဘောက်ထော်)၊ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(ရန်ကင်း)နှင့် Moe Moe Family Vocational Training Center ၌ အထည်ချုပ်သင်တန်းဖွင့်လှစ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃

**အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးခန်း (ဘောက်ထော်) သို့ ရောက်ရှိကြပြီး ပြင်ပလူနာဌာန၌ လာရောက်ပြသသည့် ပြင်ပလူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။** (ယာပုံ)



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆေးဝါးကုသပေးနေမှု၊ အတွင်းလူနာ ကုသဆောင်နှင့် လူမှုဖူလုံရေးအဖွဲ့အာမခံ အမျိုးသမီးအလုပ်သမားများအတွက် မီးဖွားမှုနှင့်ဆိုင်သော ကျန်းမာရေး စောင့်ရှောက်မှုပေးနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ဝန်ဆောင်မှုများပေးလျက်ရှိ**

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေး အကျုံးဝင်အာမခံ အလုပ်သမားများအတွက် အလုပ်သမားဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ ဌာနကြီးဆေးခန်း ၅၆ ခန်းတို့ဖြင့် ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေးအတွက် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှု ဝယ်ယူသူ ခွဲခြားသည့်စနစ် (Provider Purchase Split System–PPS) အရ ပုဂ္ဂလိကနှင့်ပူးပေါင်း၍ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတို့တွင် Fee for Service Payment ဖြင့် စာချုပ်ဆေးခန်း ၁၁ ခန်းနှင့် Capitation Payment ဖြင့် စာချုပ်ဆေးခန်း ၁၄ ခန်းတို့ကို စာချုပ်ချုပ်ဆိုဖွင့်လှစ်၍ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ ဖွင့်လှစ်ထားသည့် စာချုပ်ဆေးခန်းများ၏ တည်နေရာများအား လူမှုဖူလုံရေးအဖွဲ့၏ Website (www.ssb.gov.mm) တွင် ကြေညာထားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း) သို့ ရောက်ရှိပြီး လေအေးပေးစက်တပ်ဆင်/ ပြုပြင်ခြင်းသင်တန်း ပို့ချနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သင်တန်းကျောင်းဖွင့်လှစ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်၍ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများကို ကာလတိုသင်တန်းများအဖြစ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အလုပ်သမားဝန်ကြီးဌာနမှ Focal အဖြစ် တာဝန်ယူဆောင်ရွက်သော မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority –NSSA) ကလည်း နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ Skilled Labour များအား လုပ်ငန်းကျွမ်းကျင်မှုပေါ် မူတည်၍ Certificate ထုတ်ပေးရေးတို့ကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖွင့်လှစ်ပို့ချသည့် သင်တန်းသည် ရန်ကုန်တိုင်းဒေသကြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီမှ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (ပထမ ၅ နှစ်စီမံချက်) အရ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် စီစဉ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ သင်ယူမှုအခွင့်အလမ်းများ ရရှိနေချိန်တွင် သင်တန်းသားများအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် မိသားစုများ အကျိုးကျေးဇူးရရှိစေရန်နှင့် နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်ရန် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို စနစ်တကျ ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ Moe Moe Family Vocational Training Center ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ အထည်ချုပ်သင်တန်း ဖွင့်လှစ်ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ကျွမ်းကျင်မှု သင်တန်းများကို အရည်အသွေးပြည့်ဝစွာဖြင့် စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချနိုင်ရေးအတွက် သင်တန်းကျောင်းအနေဖြင့် ပြင်ဆင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၂) ကျင်းပ

**နေပြည်တော် မေ ၃**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များနှင့် ဆေးပညာ နီးနွယ်တက္ကသိုလ်များတွင် ၂၀၂၂ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာ သင်တန်းများ ဖွင့်လှစ်ရန် "ဘွဲ့လွန် ဆေးပညာ သင်ကြားရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၂)" ကို ယနေ့နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ ဆေးတက္ကသိုလ်များ၊ ဆေးပညာ နီးနွယ်တက္ကသိုလ်များ၊ တပ်မတော် ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ ပါမောက္ခချုပ်များ၊ ဘွဲ့လွန်ဆေးပညာ သင်ကြားရေး အဖွဲ့ဝင် ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြန်လည်အကျိုးပြုစေလို**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာ နီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်ရန် ကျန်ရှိနေသော ဘွဲ့ကြိုသင်တန်းများ အားလုံးကို ၂၀၂၂ ခုနှစ် မေနှင့် မေလတို့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ် တက္ကသိုလ်များသို့ တက်ခွင့်ရစာရင်း မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့် ဆေးပညာ နီးနွယ်တက္ကသိုလ်များသို့ ဝင်ခွင့်ရွေးချယ်ရာတွင် ဆရာဝန် စိတ်ဓာတ် အပြည့်အဝရှိပြီး စေတနာ၊ ဝါသနာနှင့် ပြည့်စုံသည့် ဆေးပညာရှင်နှင့် သွားဘက်ဆိုင်ရာ ဆေးပညာရှင်များကို မွေးထုတ်နိုင်ရန် ရည်ရွယ်၍ ခြောက်ဘာသာပေါင်း ရမှတ်အပေါ်အခြေခံပြီး သုံးဘာသာရမှတ်ပေါင်းဖြင့် စိစစ်ရွေးချယ်ပြီး ဝင်ခွင့်စာမေးပွဲ ဖြေဆိုရွေးချယ်သောစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ပညာသင်ကြား ပို့ချပေးခြင်းဖြစ်သည့်အတွက်ကြောင့် ဘွဲ့ရရှိပြီးပါက နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဖြင့် ပြန်လည်အကျိုးပြုစေလိုပါကြောင်း။

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာ နီးနွယ်တက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်းများကို ၁၉၆၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့သော ဘွဲ့လွန်သင်တန်းများမှ ဒီပလိုမာဘွဲ့ရရှိသူပေါင်း ၃၇၂၇ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိသူပေါင်း ၁၀၉၃၆ ဦး၊ ပါရဂူဘွဲ့ရရှိသူပေါင်း ၁၅၀၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ် ဘွဲ့လွန်ဆေးပညာ သင်တန်းများကို တက္ကသိုလ်အလိုက် ဝင်ခွင့်ခေါ်ယူရာတွင်လည်း ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအပါအဝင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ လိုအပ်ချက်များ၊ ပြင်ဆင်တိုးချဲ့ထားသော ဖွဲ့စည်းပုံများနှင့် ကိုက်ညီမှုရှိစေရန် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တက္ကသိုလ်များတွင် တက်ရောက်လျက်ရှိသော ကျောင်းသားကျောင်းသူများနှင့် သင်ကြားရေးဆေးရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အလုပ်သင်ဆရာဝန်များအား အထူးဂရုစိုက်ပေးရန်နှင့် ဆေးပညာလေ့လာသင်ယူနိုင်ရေးအတွက် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများနှင့် တက္ကသိုလ် ပတ်ဝန်းကျင်ကောင်းများ ရရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာ အရည်အသွေး ပြည့်မီစေရန် သင်ကြားပေးရုံမျှမကဘဲ ကျင့်ဝတ်ပိုင်းဆိုင်ရာ များကိုပါ သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဘွဲ့လွန်ဆေးပညာ သင်တန်းများ ဖွင့်လှစ်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ဘွဲ့လွန်ဆေးပညာ သင်ကြားရေး အဖွဲ့ အတွင်းရေးမှူးက ၂၀၂၂ ပညာသင်နှစ်အတွက် ဘွဲ့လွန်ဆေးပညာ သင်တန်းများကို တက္ကသိုလ်အလိုက် ဝင်ခွင့်ခေါ်ယူရေး ကိစ္စရပ်များ၊ ဝင်ခွင့်စာမေးပွဲ စစ်ဆေးမည့် အစီအစဉ်များ၊ အမှတ်ပေးစနစ်များ၊ ဝင်ခွင့်ခေါ်ယူမည့် လုပ်ငန်းအစီအစဉ်များ၊ ဘာသာရပ်အလိုက် လျာထားဦးရေများ၊ ဆေးတက္ကသိုလ်များတွင် အသစ်ဖွင့်လှစ်လိုသည့် ဘွဲ့လွန်သင်တန်းများ၏ သင်ရိုးညွှန်းတမ်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**အသေးစိတ်ဆွေးနွေး**

ယင်းနောက် အစည်းအဝေး တက်ရောက် လာကြသူများက တက္ကသိုလ်အလိုက် သတ်မှတ်ထားသော ဘွဲ့လွန်ဘာသာရပ်အလိုက် လျာထားဦးရေများ၊ အသစ်ဖွင့်လှစ်လိုသည့် ဘွဲ့လွန်သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးတင်ပြကြပြီး ဘွဲ့လွန်ဆေးပညာ သင်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅ /၂၀၂၂)**
**၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၂၂ ခုနှစ်၊ မတ်လ ၂၉ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**
**အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**
**အခန်း(၁)**
**ရငွေများနှင့် သုံးငွေများ**

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။
(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။
(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။
(ခ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။
(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများထုတ်ချေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အခန်း(၂)**
**ငွေချေးယူခြင်း**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက် ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည် ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သော စည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းအတွက် သော်လည်းကောင်း ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကို ဖြစ်စေဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။
(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေအခန်း (၁၀)နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသောကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား (၁)၊ (၃)နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ချေးငွေစာချုပ် ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄) နှင့် (၈)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုခဲ့သည့် သုံးငွေများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်းကိုးဆယ့်နှစ်သိန်းထက် မပိုစေရ။ ယင်းတွင် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေ၌ အမှန်တကယ် ထုတ်ယူသုံးစွဲငွေနှင့် ပြည်တွင်းချေးငွေ၌ အသားတင်ဖြည့်ဆည်းငွေတို့ အကျုံးဝင်သည်။

**အခန်း(၃)**
**ပြည်ပအကူအညီရယူခြင်း**

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှု တို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား(၁)၊ (၃)နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီ ရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄) နှင့် (၈)တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်း သုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့် နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

**အခန်း(၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိ၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား(၅) နှင့် (၆)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား(၅)နှင့် (၆)တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စု အစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေး အိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အပိုင်း ၃**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

**အခန်း(၁)**

**ရငွေများနှင့် သုံးငွေများ**

၁၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၂၀။ (က) ဇယား(၇)နှင့် (၈)တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၇)နှင့် (၈)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ပုဒ်မခွဲ(ခ)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဃ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၂)**

**ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်**

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၈) အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေနိုင်သည်-

(၁) အဖွဲ့အစည်းတစ်ခု၏သာမန်သုံးငွေ၊ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း၊

(ဃ) ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

**အခန်း(၃)**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်**

၂၂။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား (၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော် လည်းကောင်း၊ ဇယား(၈)အရ ခွင့်ပြုထားသောအဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲ သုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

**အခန်း(၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

၂၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည် ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၄။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၉)နှင့် (၁၀)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၆ / ၂၀၂၂)**
**၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်**
**(၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကိုဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကိုဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန်သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

**အခန်း (၂)**

**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ဖြစ်သည်။

**အခန်း (၃)**

**အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဤဥပဒေပါ အခွန်နှုန်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကိုစုစည်း၍ သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အစီရင်ခံတင်ပြရမည်။

**အခန်း (၄)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

**အခန်း (၅)**

**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

**အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများ အတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည် -

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီး ဌာန စီမံခန့်ခွဲမှုကော်မတီက ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီကသတ်မှတ်သည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊

ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့်ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၇၀၀ ကျပ်အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၀ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၇၀၁ ကျပ်မှ ကျပ် ၉၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၉ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၉၀၁ ကျပ် မှ ကျပ် ၁၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၄ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၁၁၀၁ ကျပ် နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၇ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၁ ကျပ် |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ရာခိုင်နှုန်း |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၀၀ ကျပ်မှ ကျပ် ၁၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၉၀ ကျပ် |
| | (ခ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၂၀၁ ကျပ်မှ ကျပ် ၂၃၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၀၀ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၃၀၁ ကျပ်မှ ကျပ် ၃၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၅၅ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၄၀၁ ကျပ်မှ ကျပ် ၄၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၀၀ ကျပ် |
| | (င) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၄၆၀၁ ကျပ်မှ ကျပ် ၅၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၅၆၀ ကျပ် |
| | (စ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၅၈၀၁ ကျပ်မှ ကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၉၂၀ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၇၀၀၁ ကျပ်မှ ကျပ် ၈၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၂၈၀ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၈၂၀၁ ကျပ်မှ ကျပ် ၉၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၄၀ ကျပ် |

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

| | | | |
|---|---|---|---|
| | (ဈ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၉၄၀၁ ကျပ်မှ ကျပ် ၁၀၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၀၀၀ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၀၆၀၁ ကျပ်မှ ကျပ် ၁၁၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၃၆၀ ကျပ် |
| | ( ဋ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၁၈၀၁ ကျပ်မှ ကျပ် ၁၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၇၂၀ ကျပ် |
| | ( ဌ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၃၀၀၁ ကျပ်မှ ကျပ် ၁၄၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၂၃၀ ကျပ် |
| | ( ဍ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၄၂၀၁ ကျပ်မှ ကျပ် ၁၅၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၆၁၀ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၅၄၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လီတာတန်ဖိုး ၏ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁ ကျပ်မှ ကျပ် ၈၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၉၂ကျပ် |
| | ( ခ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၅၁ ကျပ်မှ ကျပ် ၁၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၀ ကျပ် |
| | ( ဂ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၆၀၁ ကျပ်မှ ကျပ် ၂၃၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၆၅ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၃၅၁ ကျပ်မှ ကျပ် ၃၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၅၃ ကျပ် |
| | ( င ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၁၀၁ ကျပ်မှ ကျပ် ၃၈၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၃၉ ကျပ် |
| | ( စ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၈၅၁ ကျပ်မှ ကျပ် ၄၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၂၅ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၄၆၀၁ ကျပ်မှ ကျပ် ၆၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၃၀၄ ကျပ် |
| | ( ဇ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၆၁၀၁ ကျပ်မှ ကျပ် ၇၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၇၆ ကျပ် |
| | ( ဈ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၇၆၀၁ ကျပ်မှ ကျပ် ၉၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၀၄၉ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၉၁၀၁ ကျပ်မှ ကျပ် ၁၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၂၁ ကျပ် |
| | ( ဋ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၁၅၀၁ ကျပ်မှ ကျပ် ၁၃၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၉၇၉ ကျပ် |
| | ( ဌ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၃၆၀၁ ကျပ်မှ ကျပ် ၁၆၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၇၂၄ ကျပ် |
| | ( ဍ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၆၆၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာတန်ဖိုး ၏၅၀ ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | (က) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများ နှင့် လျှပ်စစ်ကားများမှ အပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀ ရာခိုင်နှုန်း |
| | ( ခ ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် လျှပ်စစ်ကားများမှ အပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀ ရာခိုင်နှုန်း |
| | ( ဂ ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် လျှပ်စစ်ကားများမှ အပ ၄၀၀၁ CC နှင့် အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ ရာခိုင်နှုန်း |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

( ခ ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀ ရာခိုင်နှုန်း |

( ဂ ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော အထူးကုန်စည်ခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၂။ ဤဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိထက် မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

**အခန်း (၆)**

**ကုန်သွယ်လုပ်ငန်းခွန်**

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စားသောက်ကုန်စည်များ** | |
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ အစေ့ထုတ်ပြောင်းနှင့် ပြောင်းစေ့အမျိုးမျိုး။ |
| ၂ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၃ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်များ ဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။ |
| ၄ | သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။ |
| ၅ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၆ | ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၇ | ပဲဆီ၊ နှမ်းဆီ။ |
| ၈ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ ပဲနို့၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ဒိန်ချဉ်။ |
| ၉ | ခရင်မာ (Creamer) များ။ |
| ၁၀ | ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ် အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။ |
| **စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကုန်စည်များ** | |
| ၁၁ | ပိုးစာရွက်၊ ပိုးအိမ်။ |
| ၁၂ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေ တစ်ပိုင်းနေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ပွားသည့် အပင်များနှင့် မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။ |

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥပဒေအမှတ် ၂၁ /၂၀၂၂)**
**၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်**
**(၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်)**

### နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက်(၉) ရပ်နှင့် အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင် စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းအတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ဧပြီလ (၁) ရက်နေ့မှ မတ်လ (၃၁) နေ့အထိ ကာလ ဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ (၆)လ အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်ပါသည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေး ကော်မတီများကိုဆိုသည်။

### အခန်း(၂)
### စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ပုံမှန်ဈေးနှုန်းအရ ၃.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-
(၁) လယ်ယာကဏ္ဍတွင် ၂.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၁.၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၁၃.၅ ရာခိုင်နှုန်း လျော့နည်းရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၂.၆ ရာခိုင်နှုန်း လျော့နည်းရန်၊
(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂၁.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၄.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၆.၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင်၄.၆ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၃.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၄.၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၂.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၄.၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၄.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -
(၁) ကချင်ပြည်နယ်တွင် ၃.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၃.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၂.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၂.၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၃.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၃.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၁.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၃.၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၂.၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၃.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၂.၉ ရာခိုင်နှုန်းမှ ၂၂.၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇.၁ ရာခိုင်နှုန်းမှ ၃၇.၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀.၀ ရာခိုင်နှုန်းမှ ၃၉.၉ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန်၊

(င) နိုင်ငံပိုင်အခန်းမှ ကျပ် ၇,၉၈၄.၉ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၅,၅၀၀ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၄,၀၀၀ သန်း တင်သွင်းရန်၊

(ဆ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂,၀၅၂,၅၂၈ မှ ကျပ် ၂,၂၂၂,၂၃၀ သို့ ဖြစ်ပေါ်လာရန်။

### အခန်း(၃)
### အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပုဒ်မခွဲ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် တင်ပြလာသော စီမံကိန်းများသည် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်တွေ့ရှိပါက အဆိုပါစီမံကိန်းအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့နှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ဖြစ်ရမည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းစီမံကိန်းများလည်း ဖြစ်ရမည်။ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ် အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို နှစ်စဉ် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပူးတွဲ-၁

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၀,၉၉၇,၅၈၄.၅** | **၂၄.၀** | **၂.၉** | **၂၁,၄၈၅,၅၈၈.၉** | **၂၃.၇** | **၂.၃** |
| | ၁ | လယ်ယာ | ၁၃,၄၃၂,၉၀၁.၀ | ၁၅.၃ | ၂.၈ | ၁၃,၇၈၈,၂၀၁.၀ | ၁၅.၂ | ၂.၆ |
| | ၂ | သားငါး | ၇,၅၂၄,၆၈၄.၈ | ၈.၆ | ၃.၄ | ၇,၆၆၂,၈၀၆.၀ | ၈.၄ | ၁.၈ |
| | ၃ | သစ်တော | ၃၉,၉၉၈.၇ | ၀.၁ | -၃၂.၇ | ၃၄,၅၈၁.၉ | ၀.၁ | -၁၃.၅ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၃၀,၁၂၇,၃၇၆.၃** | **၃၄.၄** | **-၂.၁** | **၃၁,၃၃၇,၅၅၅.၀** | **၃၄.၄** | **၄.၀** |
| | ၁ | စွမ်းအင် | ၂,၈၁၀,၃၉၂.၅ | ၃.၂ | -၆.၅ | ၂,၇၃၇,၃၇၁.၇ | ၃.၀ | -၂.၆ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၈၀,၅၈၀.၇ | ၀.၇ | -၃၄.၁ | ၇၀၃,၁၆၃.၃ | ၀.၈ | ၂၁.၁ |
| | ၃ | စက်မှုလက်မှု | ၂၀,၃၄၇,၈၁၆.၅ | ၂၃.၂ | ၀.၆ | ၂၁,၂၇၂,၀၄၈.၉ | ၂၃.၄ | ၄.၅ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၄၇၈,၈၂၃.၁ | ၁.၇ | ၃.၆ | ၁,၅၇၁,၆၄၄.၉ | ၁.၇ | ၆.၃ |
| | ၅ | ဆောက်လုပ်မှု | ၄,၉၀၉,၇၆၃.၅ | ၅.၆ | -၆.၃ | ၅,၀၅၃,၃၂၆.၂ | ၅.၅ | ၂.၉ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၆,၅၇၈,၄၃၇.၉** | **၄၁.၆** | **၁.၄** | **၃၈,၀၉၃,၁၅၅.၀** | **၄၁.၉** | **၄.၁** |
| | ၁ | ပို့ဆောင်ရေး | ၉,၇၂၁,၇၇၂.၆ | ၁၁.၁ | ၂.၄ | ၁၀,၁၇၀,၆၄၁.၆ | ၁၁.၂ | ၄.၆ |
| | ၂ | ဆက်သွယ်ရေး | ၂,၆၀၅,၈၈၁.၁ | ၃.၀ | -၀.၅ | ၂,၆၉၇,၁၁၈.၁ | ၃.၀ | ၃.၅ |
| | ၃ | ငွေရေးကြေးရေး | ၄၅၈,၈၅၄.၀ | ၀.၅ | ၂၀.၀ | ၄၇၇,၈၅၇.၄ | ၀.၅ | ၄.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၃၀၁,၆၂၁.၂ | ၃.၇ | -၀.၆ | ၃,၃၆၈,၉၄၂.၇ | ၃.၇ | ၂.၀ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၆၅၆,၁၉၆.၇ | ၃.၀ | ၀.၂ | ၂,၇၈၃,၄၅၉.၆ | ၃.၀ | ၄.၈ |
| | ၆ | ကုန်သွယ်မှု | ၁၇,၈၃၄,၁၁၂.၃ | ၂၀.၃ | ၁.၂ | ၁၈,၅၉၅,၁၃၅.၆ | ၂၀.၅ | ၄.၃ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၈၇,၇၀၃,၃၉၈.၇** | **၁၀၀.၀** | **၀.၅** | **၉၀,၉၁၆,၂၉၈.၉** | **၁၀၀.၀** | **၃.၇** |

ပူးတွဲ-၂

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၁,၁၂၄,၉၆၀.၈** | **၅၈.၄** | **-၀.၁** | **၅၂,၈၂၃,၁၄၃.၉** | **၅၈.၁** | **၃.၃** |
| | ၁ | လယ်ယာ | ၁၃,၄၃၂,၉၀၁.၀ | ၁၅.၃ | ၂.၈ | ၁၃,၇၈၈,၂၀၁.၀ | ၁၅.၂ | ၂.၆ |
| | ၂ | သားငါး | ၇,၅၂၄,၆၈၄.၈ | ၈.၆ | ၃.၄ | ၇,၆၆၂,၈၀၆.၀ | ၈.၄ | ၁.၈ |
| | ၃ | သစ်တော | ၃၉,၉၉၈.၇ | ၀.၁ | -၃၂.၇ | ၃၄,၅၈၁.၉ | ၀.၁ | -၁၃.၅ |
| | ၄ | စွမ်းအင် | ၂,၈၁၀,၃၉၂.၅ | ၃.၂ | -၆.၅ | ၂,၇၃၇,၃၇၁.၇ | ၃.၀ | -၂.၆ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၈၀,၅၈၀.၇ | ၀.၇ | -၃၄.၁ | ၇၀၃,၁၆၃.၃ | ၀.၈ | ၂၁.၁ |
| | ၆ | စက်မှုလက်မှု | ၂၀,၃၄၇,၈၁၆.၅ | ၂၃.၂ | ၀.၆ | ၂၁,၂၇၂,၀၄၈.၉ | ၂၃.၄ | ၄.၅ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၄၇၈,၈၂၃.၁ | ၁.၇ | ၃.၆ | ၁,၅၇၁,၆၄၄.၉ | ၁.၇ | ၆.၃ |
| | ၈ | ဆောက်လုပ်မှု | ၄,၉၀၉,၇၆၃.၅ | ၅.၆ | -၆.၃ | ၅,၀၅၃,၃၂၆.၂ | ၅.၅ | ၂.၉ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၈,၇၄၄,၃၂၅.၆** | **၂၁.၃** | **၁.၅** | **၁၉,၄၉၈,၀၁၉.၄** | **၂၁.၄** | **၄.၀** |
| | ၁ | ပို့ဆောင်ရေး | ၉,၇၂၁,၇၇၂.၆ | ၁၁.၁ | ၂.၄ | ၁၀,၁၇၀,၆၄၁.၆ | ၁၁.၂ | ၄.၆ |
| | ၂ | ဆက်သွယ်ရေး | ၂,၆၀၅,၈၈၁.၁ | ၃.၀ | -၀.၅ | ၂,၆၉၇,၁၁၈.၁ | ၃.၀ | ၃.၅ |
| | ၃ | ငွေရေးကြေးရေး | ၄၅၈,၈၅၄.၀ | ၀.၅ | ၂၀.၀ | ၄၇၇,၈၅၇.၄ | ၀.၅ | ၄.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၃၀၁,၆၂၁.၂ | ၃.၇ | -၀.၆ | ၃,၃၆၈,၉၄၂.၇ | ၃.၇ | ၂.၀ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၆၅၆,၁၉၆.၇ | ၃.၀ | ၀.၂ | ၂,၇၈၃,၄၅၉.၆ | ၃.၀ | ၄.၈ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၁၇,၈၃၄,၁၁၂.၃** | **၂၀.၃** | **၁.၂** | **၁၈,၅၉၅,၁၃၅.၆** | **၂၀.၅** | **၄.၃** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၈၇,၇၀၃,၃၉၈.၇** | **၁၀၀.၀** | **၀.၅** | **၉၀,၉၁၆,၂၉၈.၉** | **၁၀၀.၀** | **၃.၇** |

ပူးတွဲ-၃

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
## စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၇၇၀,၁၆၉.၄ | ၂.၀ | -၀.၂ | ၁,၈၂၇,၉၄၆.၂ | ၂.၀ | ၃.၃ |
| ၂ | ကယားပြည်နယ် | ၂၇၆,၈၄၁.၅ | ၀.၃ | -၈.၄ | ၂၈၆,၄၅၃.၈ | ၀.၃ | ၃.၅ |
| ၃ | ကရင်ပြည်နယ် | ၁,၆၉၁,၆၂၆.၄ | ၁.၉ | ၁.၉ | ၁,၇၃၄,၆၇၅.၈ | ၁.၉ | ၂.၅ |
| ၄ | ချင်းပြည်နယ် | ၂၃၆,၀၆၆.၃ | ၀.၃ | -၁၃.၀ | ၂၄၂,၂၇၀.၉ | ၀.၃ | ၂.၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၉,၉၄၄,၇၁၉.၁ | ၁၁.၃ | -၄.၅ | ၁၀,၃၆၂,၄၃၀.၉ | ၁၁.၄ | ၄.၂ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၆၅၃,၈၄၉.၀ | ၄.၂ | ၀.၄ | ၃,၇၆၄,၉၀၈.၅ | ၄.၁ | ၃.၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇,၅၇၃,၉၇၄.၃ | ၈.၆ | ၂.၈ | ၇,၈၇၈,၆၈၃.၀ | ၈.၇ | ၄.၀ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆,၆၆၃,၁၇၈.၄ | ၇.၆ | ၂.၅ | ၆,၈၉၇,၃၀၇.၂ | ၇.၆ | ၃.၅ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၈,၆၇၀,၃၂၂.၄ | ၉.၉ | ၀.၀ | ၉,၀၃၂,၇၆၈.၀ | ၉.၉ | ၄.၂ |
| ၁၀ | မွန်ပြည်နယ် | ၃,၇၃၃,၂၀၁.၂ | ၄.၃ | ၁.၁ | ၃,၈၈၅,၅၆၆.၃ | ၄.၃ | ၄.၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၅၃၅,၃၂၀.၉ | ၄.၀ | -၁.၆ | ၃,၆၀၂,၆၉၆.၆ | ၄.၀ | ၁.၉ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၁,၇၀၁,၁၆၅.၀ | ၂၄.၈ | ၁.၆ | ၂၂,၆၂၁,၅၇၈.၁ | ၂၄.၉ | ၄.၂ |
| ၁၃ | ရှမ်းပြည်နယ် | ၅,၂၇၈,၆၁၂.၆ | ၆.၀ | -၀.၂ | ၅,၄၇၄,၄၀၄.၉ | ၆.၀ | ၃.၇ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၀,၉၇၆,၃၀၃.၅ | ၁၂.၅ | ၁.၈ | ၁၁,၂၃၈,၃၄၂.၄ | ၁၂.၃ | ၂.၄ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၉၉၈,၀၃၉.၇ | ၂.၃ | ၁.၆ | ၂,၀၆၆,၂၆၆.၃ | ၂.၃ | ၃.၄ |

*(ဆက်လက်ဖော်ပြပါမည်)*

# အာဖဂန်နစ္စတန်၌ ဆင်းရဲချို့တဲ့သော မိသားစုဝင် ၇၀၀၀ ကျော် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီလက်ခံရရှိ

**ကဘူးလ် မေ ၅**

မေ ၄ ရက်ကတည်းက အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဘာဒါခ်ရှန်း၊ ကွန်ဒူဇ်နှင့် အရှေ့ပိုင်း ဂါဇနီပြည်နယ်များ၌ ဆင်းရဲချို့တဲ့သော မိသားစုဝင် ၇၀၀၀ ကျော် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ လက်ခံရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မိတ်ဖက်အဖွဲ့အစည်းများနှင့် အကူအညီပေးရေး အေဂျင်စီတို့မှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို မေ ၄ ရက်က စတင်ထောက်ပံ့ပေးခဲ့ကြောင်း၊ မေ ၅ ရက်အထိ ဆင်းရဲချို့တဲ့သော မိသားစုဝင် ၁၀၀၀ ခန့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လက်ခံရရှိခဲ့ပြီဖြစ်ကြောင်း သဘာဝဘေး စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပြည်နယ်ညွှန်ကြားရေးမှူးဖြစ်သူ အာရမ် အက်ဘာရီက ပြောကြားသည်။

အဆိုပါထောက်ပံ့မှုတွင် ဆန်အိတ်၊ ဂျုံအိတ်၊ ဟင်းချက်ဆီနှင့် မီးဖိုချောင်သုံးပစ္စည်းများ ပါဝင်ပြီး ၎င်းတို့ကို လိုအပ်သော မိသားစုဝင်များထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ထပ်ပြောသည်။




အာဖဂန်နစ္စတန်နိုင်ငံ၌ ဆင်းရဲချို့တဲ့သော မိသားစုဝင်များထံ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ထောက်ပံ့ပေးအပ်စဉ်။

မေ ၄ ရက်ကတည်းက မြောက်ပိုင်းကွန်ဒုပြည်နယ်တွင် ဆင်းရဲချို့တဲ့သော မိသားစုဝင် ၃၀၀ အတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ လက်ခံရရှိပြီးဖြစ်ကြောင်း မေ ၅ ရက်က ပြည်နယ်အုပ်ချုပ်ရေးအရာရှိဖြစ်သူ အက်ဒူလ်ဝလီ မိုဟာမက်ဒီက ပြောကြားသည်။

ထို့ပြင် အရှေ့ပိုင်း ဂါဇနီပြည်နယ်မှ ဆင်းရဲချို့တဲ့သော မိသားစုဝင်များအတွက် လိုအပ်သော စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကြောင်း ကျေးလက်ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါထုတ်ပြန်ချက်တွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးသည် ကျေးလက်ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဌာနနှင့် ပူးပေါင်းပြီး ဂါဇနီပြည်နယ် ဂျဂေါ်ရီခရိုင်ရှိ ဆင်းရဲချို့တဲ့သော မိသားစုဝင် ၅၈၀၀ ကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

စစ်ဘေးသင့်ခံရသော နိုင်ငံလူဦးရေ ၃၅ သန်းအနက် ၂၂ သန်း ကျော်သည် အစာရေစာ ပြတ်လပ်ခြင်းနှင့် ကြုံတွေ့နေရကြောင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ထောက်ပံ့ခြင်း မပြုလျှင် အာဖဂန်နစ္စတန်နိုင်ငံအနေဖြင့် အဆိုပါကပ်ဘေးနှင့် ကြုံတွေ့ရဖွယ်ရှိကြောင်း အကူအညီပေးရေး အေဂျင်စီအစီရင်ခံစာအရ သိရသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ ယမန်နေ့ကထက် ကိုဗစ်-၁၉ ကူးစက်မှုနှစ်ဆကျော်ဖြစ်ပွား

**ဆိုးလ် မေ ၅**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ကြည့်ပါက မေ ၄ ရက် ညသန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူအသစ် ၂၆၆၁၃၅ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် စုစုပေါင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၁၇၂၆၇၄၀၁ ဦး တိုးမြင့်လာကြောင်း ကျန်းမာရေးအာဏာပိုင်များက မေ ၅ ရက်က ပြောကြားသည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် လွန်ခဲ့သောရက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုထက် နှစ်ဆကျော် မြင့်တက်ခဲ့သည်။ သို့သော်လည်း အဆိုပါပမာဏသည် လွန်ခဲ့သော သီတင်းပတ် ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသည့် ပမာဏ ၃၄၇၄၉၀ ထက် နည်းခဲ့ကြောင်း ကိုရီးယားနိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေးအေဂျင်စီ (KDCA) ၏ ထုတ်ပြန်ချက်အရ သိရသည်။

ကိုရီးယားနိုင်ငံ၌ မကြာသေးမီက ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါ မျိုးကွဲ အိုမီခရွန်ကူးစက်မှုနှင့် ၎င်း၏မျိုးကွဲ BA.2 ကူးစက်ပျံ့နှံ့မှုကြောင့် လက်ရှိ ကိုဗစ်-၁၉ ကူးစက်မှု မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ဆိုးလ်မြို့ ဧရိယာတစ်ဝိုက်တွင် ကူးစက်ပျံ့နှံ့ခဲ့ကြောင်း သိရသည်။



တောင်ကိုရီးယားနိုင်ငံ၌ ဆေးဝန်ထမ်းတစ်ဦးမှ နှာခေါင်းတို့ဖတ်နမူနာယူနေစဉ်။

ကိုရီးယားနိုင်ငံ၌ ထပ်မံကူးစက်ခံရသူများအနက် ဆိုးလ်မြို့မှ ၅၁၅၀၀ ရှိပြီး ချုံဂီပြည်နယ်တွင် ၆၉၃၆၂ ဦးနှင့် အင်ချွန်းဆိပ်ကမ်းမြို့မှ ၁၅၃၅၄ ဦး ဖြစ်သည်။

မြို့တော်မဟုတ်သော အခြားနေရာများတွင်လည်း ကိုဗစ်-၁၉ ကူးစက်မှုများရှိပြီး ကူးစက်မှုပမာဏမှာ နိုင်ငံလူဦးရေ၏ ၄၈ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယား နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ ၂၀၉ ဦး ရှိလာသောကြောင့် စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ၁၇၆၆၂ ဦး ရှိလာပြီဖြစ်သည်။ အဆိုပါပမာဏမှာ နိုင်ငံလူဦးရေ၏ ၀ ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၁၀၀၀၂ ဦးရှိ

**ကွာလာလမ်ပူ မေ ၅**

မလေးရှားနိုင်ငံ၌ မေ ၄ ရက် ညသန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၁၀၀၀၂ ဦး တွေ့ရှိခဲ့သဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်းအရေအတွက်မှာ ၄၂၅၆၄၆၉ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူများအနက် ၉၈ ဦးမှာ ပြည်ပပြန်ကူးစက်ဖြစ်ပွားမှုဖြစ်ပြီး ၉၉၀၄ ဦးမှာ ဒေသတွင်း ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် ထုတ်ပြန်ချက်အရ သိရသည်။

မလေးရှားနိုင်ငံအတွင်း နောက်ထပ်သေဆုံးသူ ၂၈ ဦး ရှိလာသောကြောင့် စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ၃၅၁၂၇ ဦး ရှိလာပြီဖြစ်သည်။

မလေးရှားနိုင်ငံ၌ မေ ၄ ရက် တစ်ရက်တည်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၂၂၀၈၁ လုံး ထိုးနှံပေးခဲ့ပြီး နိုင်ငံလူဦးရေ၏ ၈၄ ဒသမ ၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း၊ ၇၉ ဒသမ ၁ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးဖြစ်ကြောင်း၊ ၄၈ ဒသမ ၆ ရာခိုင်နှုန်းမှာ အပိုဆောင်းကာကွယ်ဆေး ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်မှုများ လုပ်ဆောင်နေသော်လည်း အမြင့်ဆုံးအနီရောင်အဆင့် သတ်မှတ်

**ဝယ်လင်တန် မေ ၅**

နယူးဇီလန်နိုင်ငံ၌ မေ ၅ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၄၁၂၀ ထပ်မံတွေ့ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၂၃၅၁ ဦးမှာ အော့ကလန်မြို့မှဖြစ်ပြီး အခြားကူးစက်ခံရသူများမှာ နိုင်ငံအနှံ့အပြားမှ ကူးစက်ခံရသူများဖြစ်ကြောင်း၊ နောက်ထပ် ကူးစက်ခံရသူ ၄၈ ဦးမှာ နယူးဇီလန်နယ်စပ်တွင် ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူ ၆၉၂ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသနေရသူ ၃၀ ရှိသည်။ မေ ၅ ရက်က ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ ၂၃ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

နယူးဇီလန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုစတင်သည့် အချိန်မှစကာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်မှာ ၇၁၆၁၅၁ ဦး ရှိလာပြီဖြစ်သည်။

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်မှု များ လုပ်ဆောင်နေသော်လည်း လက်ရှိတွင် အမြင့်ဆုံးအနီရောင်အဆင့် သတ်မှတ်ထားကြောင်း သိရသည်။ ရောဂါကူးစက်မှုအဆင့်ကို အနီရောင်အဆင့် သတ်မှတ်ထားသည့်အတွက် ခန်းမထဲ၌ လူစုလူဝေးပြုလုပ်ခြင်းကို လူ ၂၀၀ ကန့်သတ်ထားပြီး ပြင်ပ၌ လူစုလူဝေးပြုလုပ်ခြင်းကို လူဦးရေကန့်သတ်မထားကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ကိုရီးယား၌ စားသုံးကုန်ဈေးနှုန်း ၁၀ နှစ်ကျော်အတွင်း အလျင်မြန်ဆုံးမြင့်တက်လာ

**ဆိုးလ် မေ ၅**

တောင်ကိုရီးယားနိုင်ငံ၏ စားသုံးကုန်ဈေးနှုန်းသည် ယခင်နှစ်ကထက် မတ်လတွင် ၄ ရာခိုင်နှုန်းကျော် မြင့်တက်လာမှုသည် ၁၀ နှစ်ကျော်အတွင်း အလျင်မြန်ဆုံးမြင့်တက်လာမှုဖြစ်ကြောင်း မေ ၅ ရက်က ဖော်ပြသော ကိုရီးယားစာရင်းအင်းရုံးအချက်အလက်အရ သိရသည်။

တောင်ကိုရီးယားနိုင်ငံ၏ စားသုံးကုန် ဈေးနှုန်းအညွှန်းကိန်းသည် မတ်လတွင် ၁၀၆ ဒသမ ၀၆ ရှိပြီး ယခင်နှစ်ကထက် ၄ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်လာကြောင်း စာရင်းအင်းအချက်အလက်အရ သိရသည်။ အဆိုပါ မြင့်တက်လာမှုသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ၁၀ နှစ်ကျော်အတွင်း အလျင်မြန်ဆုံး မြင့်တက်လာခဲ့ခြင်း ဖြစ်သည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလနောက်ပိုင်း ခြောက်လဆက်တိုက် ၃ ရာခိုင်နှုန်းအထက်ရှိခဲ့ရာမှ ယခုနှစ် မတ်လတွင် ၄ ရာခိုင်နှုန်းကျော် မြင့်တက်လာခြင်း ဖြစ်သည်။

ကမ္ဘာ့ရေနံစိမ်း ဈေးနှုန်းမြင့်တက်လာမှုကြောင့် စက်မှုထုတ်ကုန်ပစ္စည်းများ ယခုနှစ် မတ်လတွင် ၃၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ပြီးခဲ့သည့်လက ပုဂ္ဂလိကလုပ်ငန်းများတွင် ၄ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အများပိုင်လုပ်ငန်းများတွင် ၀ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ **ဆင်ဟွာ**

# မေ ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၈ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

(၅–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၈၁၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါ ပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း(၇,၇၁၈,၇၈၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၁,၉၈၄) ဦး ရှိပြီ ဖြစ်ပါသည်။

ဓါတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၀,၃၅၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၃) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၅–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၉၂) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၁) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၈) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၈၀၀) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၇၁၉) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၅၆၇) ခု | (၃၃) ဦး |
| စုစုပေါင်း | (၁၃,၈၁၄) ခု | (၅၈) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်း အပါအဝင် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများစသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၅ - ၄ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဥ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၈၆၇၉၆၃ | ၆၅၈၄၁၂၇၈ | ၁၀၀၈၆၇၉ |
| ၂။ | အိန္ဒိယ | ၄၃၀၂၉၈၃၉ | ၄၂၄၉၆၃၆၉ | ၅၂၃၄၄၆ |
| ၃။ | ဘရာဇီး | ၃၀၀၁၂၇၉၈ | ၂၈၈၃၄၄၈၆ | ၆၆၀၃၈၁ |
| ၄။ | ပြင်သစ် | ၂၆၀၂၅၅၀၀ | ၂၃၆၁၅၇၉၂ | ၁၄၂၆၅၅ |
| ၅။ | ဂျာမနီ | ၂၁၇၆၉၀၂၆ | ၁၇၄၀၇၇၀၀ | ၁၃၀၇၁၃ |
| ၆။ | ဗြိတိန် | ၂၁၃၅၉၆၈၁ | ၁၉၂၆၂၈၇၁ | ၁၆၅၇၈၀ |
| ၇။ | ရုရှား | ၁၇၉၂၆၁၀၄ | ၁၇၀၃၅၃၃၆ | ၃၇၀၃၁၁ |
| ၈။ | တူရကီ | ၁၄၉၀၇၃၇၈ | ၁၄၅၈၄၄၇၉ | ၉၈၁၉၇ |
| ၉။ | အီတလီ | ၁၄၈၇၇၁၄၄ | ၁၃၄၄၂၉၃၀ | ၁၅၉၉၀၉ |
| ၁၀။ | တောင်ကိုရီးယား | ၁၄၂၆၇၄၀၁ | စိစစ်ဆဲ | ၁၇၆၆၂ |

## ၅-၄-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၉၉၂၂၀၄၀ | ၈၁၄၇၂၉၀ | ၄၂၆၈၁ |
| အင်ဒိုနီးရှား | ၆၀၂၃၉၂၄ | ၅၇၈၃၂၉၉ | ၁၅၅၄၂၁ |
| မလေးရှား | ၄၂၅၆၄၆၉ | ၄၀၄၁၇၂၃ | ၃၅၁၂၇ |
| ထိုင်း | ၃၇၅၇၅၇၅ | ၃၄၈၁၈၂၇ | ၂၅၆၀၆ |
| ဖိလစ်ပိုင် | ၃၆၇၉၉၈၃ | ၃၅၈၆၉၈၄ | ၅၉၃၇၀ |
| စင်ကာပူ | ၁၁၁၃၀၇၈ | ၁၀၄၂၀၈၇ | ၁၂၈၃ |
| မြန်မာ | ၆၁၁၉၈၄ | ၅၉၀၃၅၈ | ၁၉၄၃၃ |
| လာအို | ၁၈၆၈၇၀ | ၁၅၁၁၆၃ | ၆၈၂ |
| ဘရူနိုင်း | ၁၃၆၈၂၁ | ၁၃၃၄၉၄ | ၂၁၄ |
| ကမ္ဘောဒီးယား | ၁၃၅၈၁၂ | ၁၃၂၃၂၈ | ၃၀၅၅ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
အိမ်တွင်သာ
နေပါ

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❖ *ကျောဖုံးမှ*

ကြိုးပမ်း ဆောင်ရွက်နေမှုအပေါ် NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများက ပျက်စီးရာပျက်စီးကြောင်း စိတ်ဓာတ်ဖြင့် မြို့နယ်အချို့ရှိ ပညာရေးအဆောက်အအုံများအား မိုင်းထောင်ဖောက်ခွဲခြင်းနှင့် စာမေးပွဲအဖြေလွှာများအား ဖျက်ဆီးခြင်းများ ပြုလုပ်သည့်အပြင် ပညာရေးဆိုင်ရာဝန်ထမ်းများကိုလည်း ရက်စက်စွာ သတ်ဖြတ်ခြင်းများ ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

**လက်လုပ်မိုင်းများပေါက်ကွဲ**

ထိုသို့ ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ရာ မေ ၄ ရက် ည ၈ နာရီ ၅၀ မိနစ်ခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့ အား/ကာ လမ်းပေါ် မြို့နယ်ပညာရေးမှူးရုံးအနီး၊ ယနေ့နံနက် ၈ နာရီ ၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သက္ကလမြို့ မြို့မစံပြရပ်ကွက်ရှိ သက္ကလ အခြေခံပညာ အထက်တန်းကျောင်းအနီး၊ နံနက် ၈ နာရီခွဲခန့်တွင် ကဝမြို့ အမှတ်(၃)ရပ်ကွက် ပဲခူးလမ်းနှင့် ငါးထပ်ကြီးဘုရားလမ်းထောင့်ရှိ အခြေခံပညာ အထက်တန်းကျောင်း အနီးတို့၌ PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းများ ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ထို့ပြင် မေ ၄ ရက် နံနက် ၈ နာရီ ၅ မိနစ်ခန့်တွင် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့၊ (၁)ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ရှေ့ထွက်မိုင်းတစ်လုံးကို လည်းကောင်း၊ ယနေ့ နံနက် ၆ နာရီ မိနစ် ၂၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအနီး၌ လက်လုပ်ဗုံး နှစ်လုံးကိုလည်းကောင်း၊ ကဝမြို့ အခြေခံပညာ အထက်တန်းကျောင်းအနီး၌ လက်လုပ်မိုင်းတစ်လုံးကိုလည်းကောင်း၊ နံနက် ၉ နာရီ ၂၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အောင်မေတ္တာရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ လက်လုပ်မိုင်း တစ်လုံးကိုလည်းကောင်း တွေ့ရှိရသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် အများပြည်သူ အန္တရာယ်မဖြစ်စေရေးအတွက် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြကြောင်း သိရသည်။




ပဲခူးမြို့နယ် ကင်းချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ကြီးရုံးခန်းနှင့် အခန်းအတွင်းရှိ စာရွက်စာတမ်းများအား အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

၎င်းအပြင် မေ ၄ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကင်းချောင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ် ဆရာမကြီးသည် ကျေးရွာ ရပ်မိရပ်ဖများနှင့်အတူ စာသင်ကျောင်းအား သွားရောက်ကြည့်ရှုစဉ် ကျောင်းအုပ်ကြီးရုံးခန်းရှိ ပြတင်းတံခါးမှန်များ ရိုက်ခွဲဖျက်ဆီးခံထားရပြီး ရုံးခန်းတံခါးမကြီး ပွင့်နေသည်ကိုတွေ့ရှိရပြီး ရုံးခန်းအတွင်း ထိန်းသိမ်းထားရှိသော စတုတ္ထတန်းမှ သတ္တမတန်းအထိ ကျောင်းသား၊ ကျောင်းသူများ ဖြေဆိုထားသည့် အတန်းတင်စာမေးပွဲ စစ်ဆေးပြီး အဖြေလွှာများကို အကြမ်းဖက်သမားများက မင်ရည်များဖြင့် ပက်ဖျန်း ဖြန့်ကြဲထားခြင်းနှင့် ရုံးခန်းနံရံများပေါ်၌ မှုတ်ဆေးဖြင့် ညစ်ညမ်းသောစာသားများ၊ ရုပ်ပုံများရေးဆွဲထားခြင်းများ ပြုလုပ်ထားကြောင်း သိရှိရသည်။

**အရေးယူနိုင်ရေးဆောင်ရွက်**

ထိုသို့ အနာဂတ်မျိုးဆက်သစ် လူငယ်များနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြသည့် ပညာသင်ကြားရေးလုပ်ငန်းများကို မနာလိုမရှုဆိတ်များဖြင့် ဖျက်ဆီးခြင်းများပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းအရှေ့ လမ်းဘေး၌တွေ့ရသည့် လက်လုပ်ဗုံး နှစ်လုံး၏ မှတ်တမ်းဓာတ်ပုံ။

● *ကျောဖုံးမှ*

မြန်မာအသင်းသည် ဒုတိယပွဲတွင် ဩစတြေးလျနှင့် တွေ့ဆုံပြီး ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၄ မိနစ်နှင့် ၃၂ မိနစ်တွင် သိုင်းဘွဲ့အောင်၊ ၁၆ မိနစ်နှင့် ၂၅ မိနစ်တွင် ငြိမ်းမင်းစိုး၊ ၂၄ မိနစ်တွင် ဟိန်းမင်းစိုးတို့က သွင်းယူပြီး ကျန်တစ်ဂိုးမှာမူ ၂၇ မိနစ်တွင် ဩစတြေးလျအသင်းမှ ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ရန်အတွက် အရေးပါသည့် ဗီယက်နမ်၊ ဩစတြေးလျတို့နှင့် ပွဲများတွင် လေးမှတ်အထိ ရယူနိုင်ခဲ့သဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် အလားအလာ ကောင်းသွားပြီဖြစ်သည်။ အုပ်စု (ခ) အခြားပွဲတွင် ဗီယက်နမ်က တီမောကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အုပ်စု (ခ) တွင် မြန်မာနှင့် ဗီယက်နမ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးမှတ်စီ၊ ဩစတြေးလျက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားပြီး တီမောအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ အုပ်စု (ခ) နောက်ဆုံးနေ့အဖြစ် မေ ၆ ရက် **(ယနေ့)** မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဗီယက်နမ်နှင့် ဩစတြေးလျ၊ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဆိုင်ရာ အစီအမံများနှင့်အညီ ရုပ်ရှင်ရုံများ ပြန်လည်ပြသရေး အစည်းအဝေးပြုလုပ်



**နေပြည်တော် မေ ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဆိုင်ရာ အစီအမံများနှင့်အညီ ရုပ်ရှင်ရုံများ ပြန်လည်ပြသရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် ရုပ်ရှင်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားအသီးသီး ပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် ရုပ်ရှင်လုပ်ငန်းရှင်များက ရုပ်ရှင်ရုံများ ပြန်လည်ပြသရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာနေ မိုးမိုးထွေး (ခ) မိုးငယ် (၄၇)နှစ်သည် ၎င်းအသုံးပြုသည့် “Min Tha Khin” Facebook အကောင့်နှင့် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေ သူရစံ (၃၀)နှစ်သည် ၎င်းအသုံးပြုသည့် “သူရစံ” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ မြို့နယ်ပညာရေးမှူးအား PDF အမည်ခံအကြမ်းဖက်သမားများက သေနတ်ဖြင့် ရက်စက်စွာပစ်ခတ်သတ်ဖြတ်

နေပြည်တော် မေ ၅

**မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ မြို့နယ်ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်ရီအား PDF အမည်ခံအကြမ်းဖက်သမားများက သေနတ်ဖြင့် ရက်စက်စွာပစ်ခတ် သတ်ဖြတ်ခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ယနေ့နံနက် ၇ နာရီခွဲခန့်တွင် ပခုက္ကူမြို့ (၁၂)ရပ်ကွက်နေ မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်ရီ (၅၈)နှစ် (ဘ)ဦးလှရွှေသည် မြို့နယ်ပညာရေးမှူးရုံးသို့ တစ်ဦးတည်း ဆိုင်ကယ်ဖြင့် သွားရောက်စဉ် (၁၂)ရပ်ကွက် ရောဝဏ်လမ်းပေါ်ရှိ “မေမြန်မာ” စတိုးဆိုင်ရှေ့အရောက်၌ ၎င်း၏အနောက်မှ ဆိုင်ကယ်တစ်စီးဖြင့် လိုက်ပါလာသည့် အကြမ်းဖက်သမား အမျိုးသား နှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ကာ ထွက်ပြေးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်တင်တင်ရီကို အခင်းဖြစ်နေရာလမ်းပေါ်၌ ၎င်းစီးနင်းလာသည့် Super Cub အစိမ်းရောင်ဆိုင်ကယ်ဘေး၌ ဝဲလက်မောင်းကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်၊ ဝဲရင်ဘတ် ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်တို့ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး ၎င်း၏အနီးမှ A USA Auto 380 စာတန်းပါ ကျည်ခွံ သုံးခုတို့ကို တွေ့ရှိသိမ်းဆည်းရရှိခဲ့သည်။

ဖြစ်စဉ်တွင် သေဆုံးခဲ့သည့် မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်ရီ၏ အလောင်းအား ပခုက္ကူ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ထိုကဲ့သို့ အနာဂတ်မျိုးဆက်သစ်လူငယ်များနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားနိုင်ရန် နိုင်ငံ့ဝန်ထမ်းပီသစွာ ဆောင်ရွက်ပေးလျက်ရှိသည့် မြို့နယ်ပညာရေးမှူးအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်သည်။ **သတင်းစဉ်**



PDF အမည်ခံအကြမ်းဖက်သမားများက သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခြင်း ခံခဲ့ရသည့် ပခုက္ကူမြို့နယ် ပညာရေးမှူး ဒေါ်တင်တင်ရီ။



ပစ်ခတ်ခံရသည့် နေရာအနီးမှ တွေ့ရှိရသည့် ကျည်ခွံသုံးခု။

## ပရီမီယာလိဂ်ပွဲစဉ် (၃၁)တွင် ပဲလေ့စ်ကို အာဆင်နယ် ဂိုးပြတ်ရှုံးနိမ့်

ခရစ္စတယ်ပဲလေ့စ်နှင့် အာဆင်နယ်အသင်းတို့၏ ပရီမီယာလိဂ် ပွဲစဉ်(၃၁)ကို ဧပြီ ၅ ရက် နံနက်ပိုင်းက ပဲလေ့စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ပဲလေ့စ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပဲလေ့စ်အသင်းသည် ယခုအနိုင်ပွဲကြောင့် အမှတ်ပေးဇယား အဆင့် (၉) အထိ တက်လှမ်းလာနိုင်ခဲ့သည်။

အာဆင်နယ်အသင်းက ယခုပွဲ ရှုံးနိမ့်မှုကြောင့် စပါးအသင်းနှင့် ၅၄ မှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့်(၅)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ထို့အပြင် အာဆင်နယ်အသင်းသည် နောက်ဆုံးသုံးပွဲတွင် နှစ်ပွဲမြောက်ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ခြင်းလည်း ဖြစ်သည်။

အာဆင်နယ် အသင်းသည် ဂိုးကန်သွင်းခွင့်အသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ပဲလေ့စ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၁၆ မိနစ်တွင် ပဲလေ့စ်မှ မာတီတာက ဂိုးသွင်းယူနိုင်ခဲ့သည်။

ပဲလေ့စ် အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၂၄ မိနစ်တွင် အန်ဒါဆင်၏ ဖန်တီးမှုမှတစ်ဆင့် အယူးက သွင်းယူရရှိခဲ့သည်။

ပဲလေ့စ် အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ပွဲချိန် ၇၄ မိနစ်တွင် ဇာဟာက ပယ်နယ်တီမှ တစ်ဆင့် သွင်းယူရရှိခဲ့သည်။

**အောင်ဇော်**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၅**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## မင်းလှမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာ ဖြေဆို



**အထက်မင်းလှ မေ ၅**

မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်နှင့် အဖွဲ့ဝင်များသည် မင်းလှမြို့နယ်၌ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့် စာစစ်ဌာနများအား ယနေ့နံနက် ၈နာရီခွဲက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး တိုင်းပညာရေးမှူး ဦးသက်လေးဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများသည် မင်းလှမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသည့် စာစစ်ဌာနများမှ အ.ထ.က (မင်းလှ)စာစစ်ဌာန၊ အ.ထ.က (မလွန်) စာစစ်ဌာန၊ အ.ထ.က (လင်းကယ်) စာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် အေးချမ်းစွာ ဖြေဆိုနေမှုအား ကြည့်ရှုစစ်ဆေးပြီး စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို အားပေးစကား ပြောကြားသည်။

ထို့နောက် စာစစ်ဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် ကြီးကြပ်ရေး ဆရာ ဆရာမများနှင့် အတွင်းစည်းလုံခြုံရေးတာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများက ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပပြုလုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် လူမှုရေးရာဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**ဇာဇာ(အထက်မင်းလှ)**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်တွင် ၂၀၂၁ -၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ကို မေ ၅ ရက်က ဖြေဆိုရာ ကျောင်းသား ကျောင်းသူများ ဖြေဆိုအပြီး တွေ့ရစဉ်။

အေးအေးနွဲ့(ပြန်/ဆက်)





တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့တွင် ၂၀၂၁ -၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ ရူပဗေဒဘာသာရပ်ကို မေ ၅ ရက်က ဖြေဆိုရာ ကျောင်းသား ကျောင်းသူများ ဖြေဆိုအပြီး တွေ့ရစဉ်။

ခင်ခင်လှဲ့(ပြန်/ဆက်)

## ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် ရူပဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၇၆၈၂ ဦးရှိ

**နေပြည်တော် မေ ၅**

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရူပဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၇၆၈၂ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၂၀ နှင့် ပြည်တွင်း၌ စာစစ်ဌာန ၁၂၃၂ ခု စာစစ်ဌာန စုစုပေါင်း ၁၂၅၂ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၅၂၄၄၀ ဦးရှိပြီး စာမေးပွဲ ပဉ္စမနေ့ ရူပဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၇၆၈၂ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၀ ဒသမ ၁၉ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

### အခြေခံပညာဦးစီးဌာန ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်/မြို့နယ်/စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - ရူပဗေဒ　　ရက်စွဲ၊ ၅-၅-၂၀၂၂

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန အရေအတွက် | စာရင်းသွင်းဦးရေ (စာရင်းရှိ) | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆို ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်း | အလွတ် | ပေါင်း | ကျောင်း | အလွတ် | ပေါင်း | ကျောင်း | အလွတ် | ပေါင်း | | |
| ၁ | ကချင် | ၄ | ၁၆ | ၄၇ | ၅၈၃၉ | ၃၈၀၃ | ၉၆၄၂ | ၅၆၁၃ | ၃၁၂၉ | ၈၇၄၂ | ၂၂၆ | ၆၇၄ | ၉၀၀ | ၉၀.၆၇% | |
| ၂ | ကယား | ၂ | ၄ | ၄ | ၂၆၃ | ၂၃၀ | ၄၉၃ | ၂၁၃ | ၁၅၄ | ၃၆၇ | ၅၀ | ၇၆ | ၁၂၆ | ၇၄.၄၄% | |
| ၃ | ကရင် | ၂ | ၇ | ၂၈ | ၃၈၄၀ | ၁၂၀၈ | ၅၀၄၈ | ၃၅၇၈ | ၁၀၁၂ | ၄၅၉၀ | ၂၆၂ | ၁၉၆ | ၄၅၈ | ၉၀.၉၃% | |
| ၄ | ချင်း | ၂ | ၅ | ၉ | ၄၈၇ | ၁၀၃၈ | ၁၅၂၅ | ၄၀၅ | ၇၁၅ | ၁၁၂၀ | ၈၂ | ၃၂၃ | ၄၀၅ | ၇၃.၄၄% | |
| ၅ | စစ်ကိုင်း | ၈ | ၃၄ | ၆၉ | ၆၄၀၆ | ၄၀၁၉ | ၁၀၄၂၅ | ၅၆၁၄ | ၂၈၄၄ | ၈၄၅၈ | ၇၉၂ | ၁၁၇၅ | ၁၉၆၇ | ၈၁.၁၃% | |
| ၆ | တနင်္သာရီ | ၃ | ၁၀ | ၂၈ | ၂၈၇၁ | ၁၅၀၄ | ၄၃၇၅ | ၂၇၄၀ | ၁၂၅၆ | ၃၉၉၆ | ၁၃၁ | ၂၄၈ | ၃၇၉ | ၉၁.၃၄% | |
| ၇ | ပဲခူး(အရှေ့) | ၂ | ၁၄ | ၆၃ | ၁၁၂၈၆ | ၄၁၁၅ | ၁၅၄၀၁ | ၁၀၆၉၈ | ၃၂၇၅ | ၁၃၉၇၃ | ၅၈၈ | ၈၄၀ | ၁၄၂၈ | ၉၀.၇၃% | |
| ၈ | ပဲခူး(အနောက်) | ၂ | ၁၄ | ၅၆ | ၇၄၈၃ | ၃၄၀၄ | ၁၀၈၈၇ | ၇၁၄၉ | ၂၇၈၃ | ၉၉၃၂ | ၃၃၄ | ၆၂၁ | ၉၅၅ | ၉၁.၂၃% | |
| ၉ | မကွေး | ၅ | ၂၄ | ၈၁ | ၁၁၅၆၂ | ၇၅၁၀ | ၁၉၀၇၂ | ၁၀၇၁၇ | ၅၉၁၁ | ၁၆၆၂၈ | ၈၄၅ | ၁၅၉၉ | ၂၄၄၄ | ၈၇.၁၉% | |
| ၁၀ | မန္တလေး | ၇ | ၂၈ | ၁၃၉ | ၂၁၇၈၉ | ၁၂၅၄၇ | ၃၄၃၃၆ | ၂၀၅၀၇ | ၁၀၃၂၂ | ၃၀၈၃၉ | ၁၂၈၂ | ၂၂၁၅ | ၃၄၉၇ | ၈၉.၈၂% | |
| ၁၁ | မွန် | ၂ | ၁၀ | ၄၆ | ၈၅၀၂ | ၂၅၁၈ | ၁၁၀၂၀ | ၈၂၂၈ | ၂၁၄၀ | ၁၀၃၆၈ | ၂၇၄ | ၃၇၇ | ၆၅၁ | ၉၄.၀၉% | |
| ၁၂ | ရခိုင် | ၅ | ၁၇ | ၁၂၈ | ၁၈၇၇၂ | ၁၈၃၇၉ | ၃၇၁၅၁ | ၁၈၂၈၁ | ၁၅၆၈၉ | ၃၃၉၇၀ | ၄၉၁ | ၂၆၉၀ | ၃၁၈၁ | ၉၁.၄၄% | |
| ၁၃ | ရန်ကုန် | ၄ | ၄၄ | ၁၀၅ | ၂၀၃၈၅ | ၁၃၈၅၈ | ၃၄၂၄၃ | ၁၉၀၇၃ | ၁၁၂၄၀ | ၃၀၄၁၃ | ၁၂၁၂ | ၂၆၁၈ | ၃၈၃၀ | ၈၈.၈၂% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၂၀ | ၈၉ | ၁၀၅၆၈ | ၄၉၁၈ | ၁၅၄၈၆ | ၁၀၀၈၄ | ၄၀၅၅ | ၁၄၁၃၉ | ၄၈၄ | ၈၆၃ | ၁၃၄၇ | ၉၁.၃၀% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၆ | ၂၆ | ၃၇၀၇ | ၁၉၇၇ | ၅၆၈၄ | ၃၅၂၇ | ၁၆၁၁ | ၅၁၃၈ | ၁၈၀ | ၃၆၆ | ၅၄၆ | ၉၀.၃၉% | |
| ၁၆ | ရှမ်း(အရှေ့) | ၃ | ၁၀ | ၁၇ | ၁၃၆၉ | ၁၁၂၂ | ၂၄၉၁ | ၁၃၁၇ | ၉၁၆ | ၂၂၃၃ | ၅၂ | ၂၀၆ | ၂၅၈ | ၈၉.၆၄% | |
| ၁၇ | ဧရာဝတီ | ၆ | ၂၆ | ၂၄၅ | ၁၄၆၇၀ | ၅၉၃၉ | ၂၀၆၀၉ | ၁၄၁၉၆ | ၄၉၉၂ | ၁၉၁၈၈ | ၄၇၄ | ၉၄၇ | ၁၄၂၁ | ၉၃.၁၀% | |
| ၁၈ | နေပြည်တော် | ၂ | ၈ | ၅၂ | ၉၁၇၄ | ၅၃၄၆ | ၁၄၅၂၀ | ၈၈၈၃ | ၄၆၇၄ | ၁၃၅၅၇ | ၂၉၁ | ၆၇၂ | ၉၆၃ | ၉၃.၃၇% | |
| ၁၉ | နိုင်ငံခြား | ၀ | ၀ | ၂၀ | | ၃၃ | ၃၃ | | ၃၀ | ၃၀ | ၀ | ၃ | ၃ | ၉၀.၉၁% | |
| | ပြည်ထောင်စုချုပ် | ၆၈ | ၃၀၇ | ၁၂၅၂ | ၁၅၈၉၇၃ | ၉၃၄၆၈ | ၂၅၂၄၄၀ | ၁၅၀၉၂၃ | ၇၆၇၅၉ | ၂၂၇၆၈၂ | ၈၀၅၀ | ၁၆၇၀၉ | ၂၄၇၅၉ | ၉၀.၁၉% | |

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၄-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဟုဆိုရာဝယ်
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၉:၄၀** ဒါသကြိန်အဆိုအကများ
**၁၀:၃၀** ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
**၁၁:၄၅** ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး
**၁၃:၂၅** MRTV National News
**၁၃:၅၀** 'ပြည်ထောင်စုဖလား ညီနောင်များ' အငြိမ့်
**၁၆:၃၅** အသိပညာနှင့်အမှန်တရား 'ကျန်းမာဖို့စိုက်ပျိုးစို့' (အပိုင်း-၂)
**၁၇:၁၀** ခေတ်အလိုက်ကြေးမုံပြင် 'ရတနာပုံပြခန်း'
**၁၇:၃၀** MRTV Travelogue
**၁၇:၄၅** လေ့လာစရာစုံလင် အကောက်ခွန်သမိုင်းပြတိုက်တွင်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** ဒါသကြိန်အဆိုအကများ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဒေအာင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချိတက်' (အပိုင်း-၂၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** 'ငြိမ်းချမ်းဂီတ အတာသကြံန်ပွဲငေယ်ကြဲ' (အပိုင်း-၄)
**၂၁:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်' (အပိုင်း-၇)

**mitv**

**07:01** Shwin Lan Chan Myae Par Zay (Thae Nu Wah)
**07:07** Myanmar Traditional Snacks: Myanmar Doughnut
**07:12** Discovering Tribes: Myaung Zee (or) Hmong: their life and customs
**07:45** Chef Life: Thanakrit Chamnongbutr
**08:01** Myanmar Orchestra: A Blend of Arts!
**08:14** Art Designer Nay Chi Win Lai Yee
**08:35** A Visit to Yangon's Coastal Area
**08:53** Mekong-Lancang Cooperation: Puppet Festival of Lancang-Mekong (Theme Song)
**09:01** News
**09:27** Global Partnership for Brighter Future: Grenda Pavilion at Expo 2020 Dubai
**09:36** Gardener: King Orange Plantation
**09:49** Thingyan Songs & Dances

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)** မမေ့နိုင်စရာတို့ရှိးရာ
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** မြူးကြွတေးသံ NRC သင်္ကြန် (အပိုင်-၃)
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** မြတ်ဗုဒ္ဓဖြစ်တည်ရာ ဆန်းကြယ်မြင်ကွင်းဗုဒ္ဓဂါယာ
**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)** ဟင်းခတ်အမွှေးအကြိုင်
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** တောင်ကြာပန်းတို့ရှိရာဆီ တစ်ခေါက်တစ်ခါ အလည်ရောက်စေချင်
**မွန် (၁၁:၀၀ မှ ၁၃:၀၀)** မုပ္ပွန်အိုးလုပ်ငန်း
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** မြန်မာပြည်တစ်လွှား လျှာထိအာထိရခိုင်ဟင်းလျာများ
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** တောင်ပေါ်မြေရဲ့ဂိမှာန်နွေ
**ဝ (၁၇:၀၀ မှ ၁၉:၀၀)** တန့်ယန်းမြို့အလှ
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)** တစ်နိုင်တစ်ပိုင် စပျစ်စိုက်ခင်းဆီ
**ကယား (၂၁:၀၀ မှ ၂၃:၀၀)** ကယားရိုးရာတူရိယာပြုလုပ်ခြင်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** မြန်မာ့ပုလဲရတနာတို့၏ မွေးရပ်မြေ ပုလဲကျွန်းဆီ
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အပေါင်းအသင်း'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
**၁၁:၀၀** ရွှေချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** ဝက်ပုတ်မြို့နယ်အတွင်းရှိ ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက် စိုက်ခင်းများဆီ
**၀၆:၄၅** သီးနှံအထွက်တိုးပြီးဝင်ငွေတိုးစေဖို့ မျိုးကောင်းမျိုးသန့်ကိုစိုက်ကြစို့
**၀၇:၁၅** ပဲစိုက်တောင်သူများသုံးစွဲသင့်သည့် ပဲမြစ်ဖုဇီဝမြေဩဇာ
**၀၈:၂၅** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်း ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာ တွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများ တွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေး ခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပို ထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ဆူးကြားက ဘူးခါး (သို့မဟုတ်) EPC "** ခေါင်းစဉ်ဖြင့် ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည် ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မွန်ပြည်နယ်ရှိ အများပြည်သူ သွားလာအသုံးပြုနေသော သံပေါင်ဘေလီတံတား ၁ စင်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု"** နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေး လိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅-၄-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၂၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၇၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၂၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၇၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၃၀/၂၁၅၀ ကျပ် | ၂၁၆၅/၂၁၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၄၅/၂၁၆၅ ကျပ် | ၂၁၉၀/၂၂၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၀၀/၁၉၂၅ ကျပ် | ၁၉၆၅/၁၉၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၈၅/၂၀၀၅ ကျပ် | ၂၀၉၀/၂၁၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၃၁ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၆၅ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၃၆၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၀၆ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၃၉ . ၄၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၀ . ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၅၂ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၃၀၅ | ၂၄၄၀၀၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၃၁၀၉ | ၈၂၃၈၈၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁၀ | ၇၉၀၀၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၁၁၄ | ၂၀၅၂၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၁၅၁ | ၃၉၂၆၀၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၂၆ | ၁၂၈၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နိုင်ငံတစ်ဝန်း တက္ကသိုလ်ဝင်စာမေးပွဲများ ပဉ္စမနေ့ ဆက်လက်ဖြေဆို

**၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မြန်မာနိုင်ငံတစ်ဝန်းတွင် မတ် ၃၁ ရက်မှ စတင်ဖြေဆိုလျက်ရှိရာ ယနေ့တွင် ပဉ္စမမြောက်နေ့အဖြစ် ရူပဗေဒဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဆက်လက်ဖြေဆိုလျက်ရှိသည်။**



## လှိုင်ကော်

ကယားပြည်နယ်အတွင်းရှိ လှိုင်ကော်၊ ဘော်လခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်တို့ရှိ စာစစ်ဌာန လေးခုတွင် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၃၆၇ ဦး ဆက်လက်ဖြေဆိုကြောင်း သိရသည်။

ကယားပြည်နယ်အတွင်းတွင် စာစစ်ဌာန လေးခုရှိပြီး တက္ကသိုလ်ဝင် (သိပ္ပံဘာသာတွဲ)စာမေးပွဲဖြေဆိုရန် စာရင်းပေးထားသူ ၄၉၃ ဦး အနက် မေ ၅ ရက်တွင် ရူပဗေဒဘာသာရပ်အား ဖြေဆိုသည့် ကျောင်းသား ကျောင်းသူပေါင်း ၃၆၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ပျက်ကွက်သူ ၁၂၆ ဦး ရှိကြောင်းနှင့် ဖားဆောင်းမြို့နယ်တွင် ကိုဗစ်လူနာ ဆေးရုံဖြေ တစ်ဦးဖြစ်ပြီး စာမေးပွဲဖြေဆိုသူ ၇၄ ရာခိုင်နှုန်း ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ကိုဇင်(လှိုင်ကော်)**

## မိုင်းယန်း

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယန်းမြို့နယ်၌ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ကို အခြေခံပညာအထက်တန်းကျောင်း (မိုင်းယန်း) စာစစ်ဌာနတွင် လာရောက်ဖြေဆိုသူ အတွင်းဖြေကျောင်းသား ကျောင်းသူ ၂၆ ဦးနှင့် အပြင်ဖြေကျောင်းသားကျောင်းသူ ၁၆ ဦး စုစုပေါင်း ၄၂ ဦး လာရောက်ဖြေဆိုပြီး အပြင်ဖြေဆိုသူ ကျောင်းသား တစ်ဦးနှင့် ကျောင်းသူ တစ်ဦး ပျက်ကွက်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ထွန်းထွန်းထူး**

## တွံတေး

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်၌ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ကို ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

တွံတေးမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန နှစ်ခု၌ ယနေ့ဖြေဆိုသူ ကျောင်းသား ၂၉၁ ဦး၊ ကျောင်းသူ ၄၅၇ ဦး စုစုပေါင်း ၇၄၈ဦး ဝင်ရောက်ဖြေဆိုကြသဖြင့် ဖြေဆိုသူ ၈၄ ဒသမ ၀၄ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

**တွံတေးသား**



## ငဖဲ

မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် ကျောင်းသားကျောင်းသူများ စာစစ်ဌာနများ၌ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ကို ဆက်လက်ဖြေဆိုလျက်ရှိသည်။

ငဖဲမြို့နယ် စာစစ်ဌာန နှစ်ခု၌ ကျောင်းသား ကျောင်းသူ ၂၂၄ ဦး စာရင်းပေးသွင်းထားပြီး ရူပဗေဒဘာသာရပ်ဖြေဆိုသည့်နေ့တွင် အထက-ငဖဲစာစစ်ဌာန၌ ဖြေဆိုသူ ၆၆ ဦး၊ အထက-ပဒါန်းစာစစ်ဌာန၌ ဖြေဆိုသူ ၁၃၆ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၀၂ ဦး ဝင်ရောက်ဖြေဆိုကြသဖြင့် ဖြေဆိုသူ ၉၀ ဒသမ ၁၈ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ **မယု(ငဖဲ)**

## မြင်းမူ

မြင်းမူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ၂၀၂၁-၂၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံတွဲ ရူပဗေဒဘာသာရပ်ကို ဖြေဆိုသူ ၁၀၄ ဦးရှိသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၄၁ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာပူးပေါင်းအဖွဲ့များက ကျောင်းအတွင်း/အပြင် လုံခြုံရေးများထားရှိကာ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကန့်ဘလူ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ၂၀၂၁- ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မြို့နယ်အတွင်းရှိ စာစစ်ဌာန ငါးခုတွင် ပဉ္စမနေ့ ရူပဗေဒဘာသာရပ်ကို ကျောင်းသား ၄၂၇ ဦး၊ ကျောင်းသူ ၆၅၆ ဦး စုစုပေါင်း ၁၀၈၃ ဦး အေးချမ်းစွာ ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲကို ကန့်ဘလူမြို့နယ်အတွင်းရှိ စာစစ်ဌာန ငါးခုတွင် ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ၁၀၈၃ ဦးရှိကာ ပျက်ကွက် ၁၄၇ ဦးရှိရာ ဖြေဆိုမှု ၈၈ ဒသမ ၀၅ ရာခိုင်နှုန်း ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ညောင်ရွှေ

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ကို ညောင်ရွှေမြို့နယ်အတွင်းရှိ စာစစ်ဌာန ၁၁ခုတွင် လာရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁၃၅၄ ဦးရှိကြောင်း သိရသည်။

ညောင်ရွှေမြို့နယ်အတွင်းရှိ စာစစ်ဌာနများဖြစ်သည့် အထက(၁)၊ အထက(၂)၊ အထက-သပြေကုန်း၊ အထက-ခေါင်တိုင်၊ အထက-စံကား၊ အထက-ဘုရားတောင်ရေဆိပ်၊ အထက-အင်းပေါခုံ၊ အထက-မင်းချောင်း၊ အထက-မိုင်းသောက်၊ အထက-ဟဲယာရွာမနှင့် အထက-အင်းယား စာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။ ရူပဗေဒဘာသာရပ်တွင် လာရောက်ဖြေဆိုသူ ၁၃၅၄ ဦးရှိသဖြင့် ဖြေဆိုသူ ၉၀ ဒသမ ၀၃ ရာခိုင်နှုန်း ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နေမျိုးသူရိန်**

## ဘုတ်ပြင်း

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ကို မေ ၅ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ စာစစ်ဌာန နှစ်ခု၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ဘုတ်ပြင်းမြို့နယ်အတွင်း အထက-ဘုတ်ပြင်းစာစစ်ဌာနနှင့်



အထက- ပြည်ကြီးမဏ္ဍိုင် စာစစ်ဌာန နှစ်ခုတို့တွင် ရူပဗေဒဘာသာရပ် ဖြေဆိုမည့် စာရင်းရှိ ၂၈၇ ဦးရှိရာ ယနေ့တွင် ဖြေဆိုသူ ၂၅၄ ဦး၊ ပျက်ကွက် ၃၃ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၈၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောက်ဖြူ

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်းရှိ စာစစ်ဌာန ၃၅ ခု၌ ရူပဗေဒဘာသာရပ်အား ကျောင်းသား ကျောင်းသူ ၅၄၉၉ ဦးတို့ အေးချမ်းစွာဖြင့် ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

မေ ၅ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ကို ကျောက်ဖြူမြို့နယ်ရှိ စာစစ်ဌာန ၁၂ ခုတွင် ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ၂၄၇၆ ဦး၊ ပျက်ကွက် ၂၁ ဦး၊ ဖြေဆိုမှုရာခိုင်နှုန်း ၉၁ ဒသမ ၈၁ ရာခိုင်နှုန်း၊ ရမ်းဗြဲမြို့နယ်ရှိ စာစစ်ဌာန( ၁၀ ခုတွင် ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ၁၁၆၈ ဦး၊ ပျက်ကွက် ၉၀၊ ဖြေဆိုမှုရာခိုင်နှုန်း ၉၂ ဒသမ ၈၅ ရာခိုင်နှုန်း၊ မာန်အောင်မြို့နယ်ရှိ စာစစ်ဌာန ငါးခုတွင် ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ၆၂၀၊ ပျက်ကွက် ၅၀၊ ဖြေဆိုမှု ရာခိုင်နှုန်း ၉၂ ဒသမ ၅၄ ရာခိုင်နှုန်း၊ အမ်းမြို့နယ်ရှိ စာစစ်ဌာန ရှစ်ခုတွင် ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ၁၂၃၅ ဦး၊ ပျက်ကွက် ၁၁၇ ဦး၊ ဖြေဆိုသူ ၉၁ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**

## မဘိမ်း

ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ကို မဘိမ်းမြို့နယ်ရှိ စာစစ်ဌာန နှစ်ခု၌ ကျောင်းသား ကျောင်းသူ ၁၂၀ ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

မဘိမ်းမြို့နယ်ရှိ စာစစ်ဌာနများဖြစ်သည့် မဘိမ်း အထကနှင့် ငါးအိုးအထက စာစစ်ဌာနနှစ်ခု၌ ရူပဗေဒ ဘာသာရပ်ကို စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၅၆ ဦးရှိပြီး ၁၂၀ ဝင်ရောက်ဖြေဆိုသဖြင့် ၇၆ ဒသမ ၉၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**မျိုးမင်း(ပြန်/ဆက်)**



'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်၌ မေ ၅ ရက် နံနက် ၉ နာရီက ၂၀၂၁- ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၉၃ ဦး အေးချမ်းစွာ ဝင်ရောက်ဖြေဆိုကြစဉ်။

ဇင်ဇင်(ပြန်/ဆက်)

# တရားမဝင် ကျွန်းသစ်၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ စားသောက်ကုန်နှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စိုက်ပျိုးရေးသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၇၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၇၆၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧပြီ ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ခရီးသည်တင်ယာဉ်နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့်အချိုရည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကသာခရိုင် ကသာမြို့နယ်အတွင်း တရားမဝင် ကျွန်းသစ် ၂ ဒသမ ၃၉၈ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၆၄၀၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ငါးမှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၃၀၆၄၀၀ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## သာသနာတော်နှစ် ၂၅၆၅–၂၅၆၆ ခုနှစ် သက္ကရာဇ် ၁၃၈၃ – ၁၃၈၄ ခုနှစ် မဟာသင်္ကြန် အကျ– အကြတ် – အတက် – နှစ်ဆန်း(၁) ရက်နှင့် ဝါဆို – ဝါကပ် – လ – ရက်နှင့် နေ့များ

၁။ **မဟာသင်္ကြန် အကျရက်**

- ဇေယျတု– မြန်မာသက္ကရာဇ် – ၁၃၈၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၄)ရက်
- ရခိုင်သက္ကရာဇ် – ၁၃၈၃ ခုနှစ်၊ တာကူးလဆန်း(၁၄)ရက်
- ခရစ်နှစ် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၄) ရက် ကြာသပတေးနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စံတော်ချိန် နံနက်စက် ၁၁ နာရီ၊ ၅၉ မိနစ်၊ ၃၁ – စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၅)ရက်
- ရခိုင်သက္ကရာဇ် – ၁၃၈၃ ခုနှစ်၊ တာကူးလဆန်း(၁၅)ရက်
- ခရစ်နှစ် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၅) ရက် သောကြာနေ့ မဟာသင်္ကြန် အကြတ်ရက် ဖြစ်ပါသည်။

၃။ **မဟာသင်္ကြန် အတက်ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၁) ရက်
- ရခိုင်သက္ကရာဇ် – ၁၃၈၃ ခုနှစ်၊ တာကူးလပြည့်ကျော် (၁) ရက်
- ခရစ်နှစ် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၆) ရက် စနေနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စံတော်ချိန် ညနေစက် ၄ နာရီ၊ ၄ မိနစ်၊ ၁၃ စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ **မြန်မာ – ရခိုင် – နှစ်ဆန်း ၁ ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် (၂) ရက်
- ရခိုင်သက္ကရာဇ် – ၁၃၈၄ ခုနှစ်၊ တာကူးလပြည့်ကျော် (၂) ရက်
- ခရစ်နှစ် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၇) ရက် တနင်္ဂနွေနေ့သည် မြန်မာ – ရခိုင် နှစ်ဆန်း (၁) ရက်နေ့ဖြစ်ပါသည်။

၅။ **ရဟန်းတော်များအတွက် ဝါဆို – ဝါကပ် – လ – ရက်နှင့် နေ့များ**

၁၃၈၄ ခုနှစ်တွင် အဓိမာသ၊ အဓျာဟ၊ ဝါဆိုဝါကပ် လထပ်ရက်ငင်ကိန်းမရှိသော သာမန်နှစ်ဖြစ်ပါသည်။ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် – ဝါဆိုလပြည့်ကျော် (၁) ရက်၊ ရခိုင်သက္ကရာဇ်– ၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် (၁) ရက်၊ ခရစ်နှစ် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာ – ရခိုင် ဝါခေါင်လပြည့်ကျော် (၁)ရက်၊ ခရစ်နှစ် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်၊ သောကြာနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

| ဦးအောင်ချစ် | ဦးပညိန္ဒ | ဦးပြေငြိမ်း |
|---|---|---|
| ဒုတိယဥက္ကဋ္ဌ(၁) | ဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ(၂) |

## ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စက်ပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ၂၀၂၂–၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည် ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် –

(က) Convergence News Room အား နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်း (Service Level Agreement) — 1 Lot

(ခ) MRTV Radio Playout Automation System အား နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်း(Service Level Agreement) — 1 Lot

(ဂ) Presentation I & II ရှိ HD Playout System အား နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်း(Service Level Agreement) — 1 Lot

(ဃ) AVI West ၏ Hardware နှင့် Software ပိုင်းဆိုင်ရာများကို ပြုပြင် ထိန်းသိမ်းခြင်း(Service Level Agreement) — 1 Lot

(င) MRTV Archiving System များအတွက် Service Level Agreement နှင့် Upgrading လုပ်ငန်းများဆောင်ရွက်ခြင်း — 1 Lot

(စ) Direct to Home Network(DTH)စနစ်ကို Nationwide အနေဖြင့် ကြည့်ရှုနိုင်ရန် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်း — 1 Lot

(ဆ) ရေဒီယိုလွှင့်စက် အသစ်ဝယ်ယူတပ်ဆင်ခြင်း (Installation & Commissioning) — 1 Lot
   (a) 100KW Short Wave Transmitter(BBEF, DF 100A, China)
   (b) 150KW SW Wide Band Antenna(BBEF)

(ဇ) ရန်ကုန်(ပြည်လမ်း)ရှိ Studio A ကို အဆင့်မြှင့်တင်ရန် လိုအပ်သောပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း — 1 Lot

(ဈ) News Channel အသစ်ထုတ်လွှင့်ရန်အတွက် News Studio I နှင့် Small Studio တို့တွင် လိုအပ်သောစက်ပစ္စည်းများ ဝယ်ယူခြင်း — 1 Lot

(ည) ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ — 18Items

(ဋ) ရုံးလုပ်ငန်းသုံးပစ္စည်းများ — 14Items

(ဌ) တူရိယာပစ္စည်းများ — 4 Items

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၆–၄–၂၀၂၂)ရက်နေ့မှ (၂–၅–၂၀၂၂)ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် အမှတ်စဉ်(က၊ ခ၊ ဂ၊ င၊ စ၊ ဇ၊ ဋ) တင်ဒါဖောင်(၇)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၁၀,၀၀၀/– နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(ဃ၊ ဌ) တင်ဒါဖောင်(၂)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၂,၀၀၀/– နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(ဆ)အတွက် တင်ဒါဖောင် (၁)စောင်လျှင် ငွေကျပ် ၅၀,၀၀၀/– နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(ဈ၊ ည) တင်ဒါဖောင်(၂)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၁၅,၀၀၀/– နှုန်းဖြင့်လည်းကောင်း လာရောက်ဝယ်ယူနိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ကုမ္ပဏီ(၁)ခုလျှင် (၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလာရောက်တင်သွင်းရာတွင် နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို သီးခြားစီခွဲ၍ (၃–၅–၂၀၂၂)ရက်နေ့ နံနက်(၉:၃၀)နာရီမှ ညနေ(၁၆:၀၀)နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)သို့ လာရောက်ပေးသွင်းကြပါရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့်ဘဏ်တစ်ခုခုမှ PG(Performance Bank Guarantee)ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း– ၀၆၇–၈၀၇၉၀၃၅၊ ၀၆၇–၈၀၇၉၄၁၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်နှင့် တင်ဒါတင်သွင်းရန်လိပ်စာ
စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ဖုန်း၊ ၀၆၇–၇၉၀၃၅၊ ၀၆၇–၇၉၄၁၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

### သတင်းကြေညာချက်

**၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း (၆)ရက်**
**၂၀၂၂ ခုနှစ်၊ ဧပြီလ (၆)ရက်**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၂ ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဧပြီလ (၂၂)ရက်မှ (၂၈)ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံအတွင်းမှထွက်ရှိသော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၂ ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

